မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၄ ရက် | ၂၀၂၆ ခုနှစ်၊ မေ ၁၉ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၅)၊ အမှတ်(၂၂၆)

ဝီရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်း သည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားပြီး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နန်းသီတာဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းများအား သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ၊ မေ ၁၈

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ယနေ့ နံနက်ပိုင်းတွင် ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်ခန်းမ၌ သွားရောက်တွေ့ဆုံ အမှာစကား ပြောကြားသည်။ (ယာပုံ)

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက အမှာစကားပြောကြားရာတွင် ၂၀၂၁ ခုနှစ်တွင် အကြမ်းဖက်အဖွဲ့များအနေဖြင့် တပ်မတော်နှင့် ပြည်သူကို သွေးခဲရန် နည်းမျိုးစုံဖြင့် ကြိုးစားလုပ်ဆောင်ခဲ့ကြောင်း၊

စာမျက်နှာ ၃ ကော်လံ ၁ ❖





အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့အထိမ်းအမှတ် ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ပြပွဲများကျင်းပ

ပုဂံ ၊ မေ ၁၈

(၄၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့အထိမ်းအမှတ် လှုပ်ရှားမှုများအဖြစ် ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ယနေ့ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဝင်ကြေးအခမဲ့ဖြင့် ပြည်တွင်း၊ပြည်ပဧည့်သည်များကို လေ့လာလည်ပတ်ခွင့်ပြုခဲ့ကြောင်း သိရသည်။

ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ပြခန်း ၁၀ ခန်းဖြင့် ခင်းကျင်းပြသလျက်ရှိရာ ပုဂံရှေးဟောင်းသုတေသနပြတိုက် နောက်ခံသမိုင်းကြောင်းနှင့် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ ဖြစ်ပေါ်လာပုံတို့ကို ပြတိုက်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးက ရှင်းလင်းပြောကြားသည်။ ပြခန်း ၁၀ ခန်းအတွင်း ပြသထားရှိသည့်ပစ္စည်းများကို အသိပညာဗဟုသုတ ရရှိစေရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်ဗီသုကာလက်ရာများ၊ ပုဂံခေတ်ယဉ်ကျေးမှုနှင့် သက်ဆိုင်သည့် ပစ္စည်းများအား သက်ဆိုင်ရာတာဝန်ရှိသူနှင့် ပြခန်းတာဝန်ခံများက ပြခန်းတစ်ခန်းချင်းနှင့် ပြကွက်တစ်ကွက်ချင်းအလိုက် ရှင်းလင်းပြသခဲ့ပြီး လာရောက်လေ့လာသော ဧည့်သည်များနှင့် ကျောင်းသားကျောင်းသူများ၏ သိလိုသည်များကို တာဝန်ရှိသူများက

စာမျက်နှာ ၄ ကော်လံ ၁ ❑

နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြိုးနိုင်

နေပြည်တော် ၊ မေ ၁၈

မေ ၁၉ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၌ နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရေဝေတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့၌ နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ နေရာကွက်၍ မိုးကြိုးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မေ ၂၀ ရက်တွင် မြစ်ဝကျွန်းပေါ်ဒေသများ၌ ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

မိုး/၈၆

ယနေ့ ဖတ်စရာ

ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ(အပိုင်း-၂၇)

ဆောင်းပါး စာ ၆

ကမ္ဘာတက္ကသိုလ်များတွင် စိုက်ပျိုးမွေးမြူရေးပညာနှင့် ဆက်စပ်နေသော ဇီဝသိပ္ပံ (သို့မဟုတ်) သက်ရှိသိပ္ပံ အဆင့်မြင့်ပညာကျောင်းကြီးများအကြောင်း

ဆောင်းပါး စာ ၆

ရော်ဘာစိုက်ပျိုးရေး လုပ်ကိုင်သူများအတွက် မိုးဦးကာလလုပ်ဆောင်ရန် အချက်များ

ဆောင်းပါး စာ ၁၆



ကြိုတင်ဖြေရှင်းရမည့် အရေးကြီးသယံဇာတ ပဋိပက္ခ သို့မဟုတ် ရေစစ်ပွဲ

ဆောင်းပါး စာ ၁၀

ပါကစ္စတန်နိုင်ငံ၌ ကလေး ၁၉ သန်းကို ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

နိုင်ငံတကာသတင်း စာ ၁၄

တရားမအထူးအယူခံမှု လေးမှုကို စိစစ်ချက်ချမှတ်ပြီး တရားမ အထူးအယူခံမှု ငါးမှုကို ရုံးထိုင်ကြားနာ

နေပြည်တော် မေ ၁၈

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသည့် ဦးသိန်းကိုကို၊ ဒေါ်ပြုံးပြုံးအေး၊ ဒေါ်စိုးခက်ခက်၊ ဒေါ်သင်းသင်းချိုတို့ပါဝင်သည့် အထူးအယူခံ ခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေနေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ် (၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမ အထူးအယူခံမှု အမှတ် ၂/၂၀၂၆ (မွန်)၊ ၃/၂၀၂၆ (ရန်ကုန်)၊ ၄/၂၀၂၆ (ဧရာဝတီ)၊ ၅/၂၀၂၆ (ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုကို စိစစ်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှုအမှတ် ၃၇/၂၀၂၅ (မန္တလေး)၊ ၅၆/၂၀၂၅ (ဧရာဝတီ)၊ ၆/၂၀၂၆ (ရန်ကုန်)၊ ၇/၂၀၂၆ (ကချင်)၊ ၁၅/၂၀၂၆ (ကရင်) စုစုပေါင်း တရားမ အထူးအယူခံမှုငါးမှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

(၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ဓာအောင်သာသနာ့အာဏာနည်း အရှင်မြတ်များအား ချီးကျူးပူဇော်ပွဲအခမ်းအနား ကျင်းပမည်

နေပြည်တော် မေ ၁၈

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ချီးကျူးပူဇော်ပွဲ အခမ်းအနားကို ၁၃၈၈ ခုနှစ် နယုန်လဆန်း ၁၄ ရက်၊ ၂၀၂၆ ခုနှစ် မေ ၂၉ ရက် (သောကြာနေ့) နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သိရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ ပုဏ္ဏကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များအပါအဝင် ပင့်သံဃာ ၃၃ ပါး၊ ယခုနှစ်တွင် အောင်မြင်တော်မူကြသော တိပိဋကဓရ တိပိဋကကောဝိဒ တစ်ပါး၊ မူလအာဘိဓမ္မိက သုံးပါး၊ ဒီဃဘာဏက တစ်ပါး၊ ဝိနယကောဝိဒ ခုနစ်ပါး၊ ဝိနယဓရ ၂၈ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ၁၁ ပါး၊ ဥဘတောဝိဘင်္ဂဓရ ၄၆ ပါး စုစုပေါင်းသံဃာတော် ၁၃၃ ပါးတို့အား လှူဖွယ်ပစ္စည်းများဖြင့် ချီးကျူးပူဇော်မည်ဖြစ်ပါသဖြင့် အလှူရှင်များအနေဖြင့် လှူဖွယ်ပစ္စည်းများကို သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲမှ ညွှန်ကြားရေးမှူး ဖုန်း ၀၉-၄၄၂၂၂၄၄၄၊ ဒုတိယညွှန်ကြားရေးမှူး ဖုန်း ၀၉-၄၃၀၆၇၁၆၈ တို့သို့ ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

၁၈ - ၅ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉ - ၅ - ၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၆၅	၄၇၅၅	၄၆၉၀	၄၅၈၀	၄၇၂၅	၄၇၆၅	၄၈၀၅	၄၆၆၀	၄၈၁၅	၅၁၃၅	၄၆၈၅	၄၈၆၀	၄၇၉၀	၄၇၄၀	၄၇၄၅	၄၉၂၅
95 Ron	၄၈၆၅	၄၈၉၅	၄၇၇၅	၄၆၈၅	၄၈၉၅	၄၈၅၀	၄၉၀၀	၄၇၄၅	၄၉၀၀	၅၂၂၀	၄၇၈၅	၄၉၅၅	၄၈၂၀	၄၈၂၅	၄၈၂၅	၅၀၃၅
HSD (500 ppm)	၄၈၂၀	၅၀၀၀	၄၉၄၀	၄၈၃၅	၅၀၁၀	၅၀၁၀	၅၀၆၀	၄၉၁၀	-	၅၀၃၅	၅၀၃၅	၅၀၃၅	၄၉၉၀	၄၉၉၀	၅၀၃၀	
HSD (50 ppm)	၅၀၁၅	၆၀၀၅	၅၀၄၅	၅၀၃၅	၆၀၀၅	၆၀၂၀	၆၀၃၀	၅၀၁၅	၆၀၃၀	၆၂၀၅	၅၀၃၅	၆၀၉၅	၆၀၄၀	၅၀၉၅	၅၀၉၅	၆၂၀၅
HSD (10 ppm)	၅၀၁၅	၆၀၀၅	၅၀၄၅	၅၀၃၅	၆၀၀၅	၆၀၂၀	၆၀၃၀	၅၀၁၅		၆၂၀၅	၅၀၃၅	၆၀၉၅	၆၀၄၀	၅၀၉၅	၅၀၉၅	၆၂၀၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၃၀	၄၄၅၀
95 Ron	၄၄၁၀	၄၅၃၂
HSD (500 ppm)	၄၅၉၁	၄၆၁၃
HSD (50 ppm)	၅၅၄၃	၅၆၈၃
HSD (10 ppm)	၅၅၄၃	၅၆၈၃

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၅၉၈၈၈၈
စက်သုံးဆီတင်သွင်းသိလှောင်ခြံဖွဲ့ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
သတင်းထောက်များ
ဓာတ်ပုံသတင်းထောက် - တင်မိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် ခွန်ဇွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၅၅၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၁၊ ဖက်စ် ၀၆၇-၃၆၁၄၅၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဒိုလ်ချိုင်း(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ စီမံ ၀၁-၅၄၄၃၀၅၊ ဌေးဈေး ၀၁-၅၄၄၃၀၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၀၊ ၀၁- ၅၅၉၁၁၀၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၅၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၀၇၊ Fax ၀၁-၈၆၀၄၅၅၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

မြန်မာ့အလင်း

ကျောင်းအပ်နှံရေး ရက်သတ္တပတ် လှုပ်ရှားမှုများတွင် လူတိုင်းပါဝင်

၂၀၂၆- ၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ ကျောင်းအပ်နှံရေး ရက်သတ္တပတ်လှုပ်ရှားမှုကို ယခုလ ၂၅ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။ ကျောင်းအပ်နှံရေး ရက်သတ္တပတ်လှုပ်ရှားမှု၏ ရည်ရွယ်ချက်မှာ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းသို့ ရောက်ရှိစေရန်နှင့် ပညာသင်ခွင့် မဆုံးရှုံးစေရန်ဖြစ်ပြီး လှုပ်ရှားမှုတွင် မိဘအုပ်ထိန်းသူများနှင့် လူထုတစ်ရပ်လုံးပါဝင်လာစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

အခြေခံပညာကျောင်းများမှာ အခမဲ့ပညာရေးစနစ်ဖြစ်ခြင်းကြောင့် ကျောင်းအပ်နှံရာတွင် ကျောင်းဝင်ကြေးနှင့် အခြားမည်သည့်ကြေးမျှပေးသွင်းရန်မလိုဘဲ အခမဲ့အပ်နှံနိုင်ကြသည်။ ကျောင်းအပ်နှံသူများအား မူလတန်းအဆင့် ကျောင်းသားကျောင်းသူများအတွက် သင်ရိုးပုံနှိပ်စာအုပ်တစ်စုံ၊ ဗလာစာအုပ်၊ ခဲတံ (၄) ချောင်းနှင့် ကျောင်းဝတ်စုံ၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တို့တွင် သင်ရိုးပုံနှိပ်စာအုပ် တစ်စုံ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံ (၂) ချောင်းနှင့် ဘောပင်(၂)ချောင်းတို့ကို နိုင်ငံတော်က အခမဲ့ထောက်ပံ့ပေးအပ်သည်။

မိမိတို့နိုင်ငံတွင် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းတို့ဝိုင်း နှစ်စဉ်ကျောင်းအပ်နှံသူဦးရေ ပျမ်းမျှအားဖြင့် ၆ သန်းကျော် ရှိသည်။ အစိုးရ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ကျောင်းအပ်နှံသူ စုစုပေါင်းမှာ ၂၀၂၄ ခုနှစ်တွင် ၆၃၉၄၅၂၈ ဦး၊ ၂၀၂၅ ခုနှစ်တွင် ၆၁၁၉၂၆၀ ဦးတို့ရှိခဲ့ရာ ယခု ၂၀၂၆ ခုနှစ်တွင်လည်း ၎င်းအရေအတွက် ဝန်းကျင်မှာပင်ရှိနေမည်ဟု ခန့်မှန်းရသည်။ ကျောင်းထွက်နှုန်းနှင့် ပညာသင်ယူမှုအခွင့်အလမ်း ဆုံးရှုံးမှုနှုန်းသည် ကိုဗစ်-၁၉ ကပ်ရောဂါ ကျရောက်ချိန်မှစ၍ များစွာ မြင့်တက်လာခဲ့သည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသက် (၆) နှစ်မှ (၁၇) နှစ်ကြား ကလေးများ၏ ၂၁ ရာခိုင်နှုန်းမှ ၂၈ ရာခိုင်နှုန်းခန့် ကျောင်းပြင်ပသို့ရောက်ရှိနေကြပြီး အထက်တန်းအဆင့်အရွယ်တွင် ကျောင်းထွက်နှုန်း ၄၅ ရာခိုင်နှုန်းခန့်အထိ ရှိလာသည်။

မြန်မာနိုင်ငံ၏ ပညာရေးအခြေအနေနှင့်စပ်လျဉ်း၍ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဌ ဖော်ပြထားရာ ကျောင်းသားကျောင်းသူအများစု ကျောင်းထွက်ခြင်းသည် ပညာရေးစနစ်ကြောင့်မဟုတ်ဘဲ မိသားစုအတွင်း ဖိအားများကြောင့် ဖြစ်ကြောင်း ဖော်ပြထားသည်။ အဓိကအားဖြင့် မိသားစုကို ကူညီရန်၊ အိမ်အလုပ်များလုပ်ကိုင်ရန်၊ မိဘဆွေမျိုးများကို ပြုစုစောင့်ရှောက်ရန် ပဉ္စသည့် အကြောင်းရင်းများဖြင့် ကျောင်းမှထွက်ရန် တွန်းအားပေးခဲ့ကြခြင်းဖြစ်သည်။ ဒုတိယအကြောင်းရင်းမှာ ပညာရေးအတွက် တိုက်ရိုက်/သွယ်ဝိုက်စရိတ်များကို မတတ်နိုင်ခြင်းကြောင့် ဖြစ်သည်။ ထူးခြားသည့်အချက်မှာ ကျောင်းကို အလယ်တန်းသို့မဟုတ် အထက်တန်းအဆင့်ထက်ပို၍ မနေလိုခြင်းကြောင့် ကျောင်းထွက်ကြခြင်းဖြစ်သည်။ ၎င်းတို့အရေအတွက်မှာ ကျောင်းဆက်မတက်သူဦးရေ၏ ၁၇ ဒသမ ၃ ရာခိုင်နှုန်းရှိသည်။

"မိမိတို့နိုင်ငံ၏ ပညာရေးကို ကြည့်မည်ဆိုပါက ခေတ်အဆက်ဆက်တွင် အားနည်းလျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး မဖြစ်မနေ မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အတတ်ပညာအသိပညာပြည့်ဝသည့် လူစွမ်းအားအရင်းအမြစ်ကောင်းများက သာလျှင် နိုင်ငံတော်ကိုဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ အတန်းပညာမှ တစ်ဆင့် အတတ်ပညာ၊ အသိပညာများကို ပိုမိုပြည့်စုံအောင် ဖော်ဆောင်ပေးနိုင်မည်ဖြစ်သဖြင့် ကျောင်းနေအရွယ်ကလေးများ အားလုံး ပညာသင်ကြားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း" နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် မေ ၁၅ ရက်က တွေ့ဆုံဆွေးနွေးရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ ဆောင်ရွက်ရာတွင် အတတ်ပညာ၊ အသိပညာတို့ကြွယ်ဝပြည့်စုံသည့် နိုင်ငံသူ နိုင်ငံသားများကသာလျှင် စွမ်းဆောင်နိုင်ကြမည်ဖြစ်ရာ နိုင်ငံ၏ လူသားအရင်းအမြစ်မှာ တန်ဖိုးမြင့်မားဖို့လိုသည်။ သို့ဖြစ်ခြင်းကြောင့် ခေတ်အဆက်ဆက်အားနည်းလျက်ရှိသည့် ပညာရေးကို မဖြစ်မနေမြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်သည်။ ပညာသင်အရွယ်ကလေးများ၊ လူငယ်များကို စာသင်ခန်းမှ ဆွဲထုတ်ပြီး မိသားစုအလုပ်၊ အိမ်အလုပ်များတွင် ကူခိုင်းခြင်းက ကလေးများ၏ အနာဂတ်ကိုရော နိုင်ငံ၏အနာဂတ်ကိုပါ လျစ်လျူရှုခြင်း၊ ဖျက်ဆီးလိုက်ခြင်းဖြစ်သည်။ ကလေးကို ကျောင်းဆက်မတက်စေခြင်းသည် ဆင်းရဲနွမ်းပါးခြင်းကြောင့်ဟုဆိုလျှင်လည်း ယင်းသို့ပြုလုပ်ခြင်းက ဆင်းရဲခြင်းသံသရာမှ မလွတ်မြောက်နိုင်သည့်အခြေအနေသို့သာ ဆိုက်ရောက်သွားစေမည်ဖြစ်သည်။ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းစာသင်ခန်းများသို့ ရောက်ရှိရေးအတွက် လူတိုင်းက ပိုင်းဝန်းကျဉ်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

❖ ရှေ့ဖုံးမှ

အချို့ဝန်ထမ်းများသည်လည်း နိုင်ငံရေးနှင့်နိုင်ငံ့အရေးကို ကွဲကွဲပြားပြားသိမြင်မှုမရှိဘဲ နားယောင်၍ DCS လုပ်ဆောင်ခဲ့သဖြင့် ခက်ခဲမှုများစွာဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ကြိုးစားလုပ်ဆောင်ခဲ့ရကြောင်း၊ ဆက်လက်၍လည်း နိုင်ငံတော်အဓိုးရ၏ဦးဆောင်မှုအောက်တွင် တပ်မတော်နှင့်ပြည်သူ၏ညီညွတ်သောအားဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဆက်လက်ထမ်းဆောင်သွားရမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့ရွာများအား တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်ကာ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ဌာနဆိုင်ရာ ရုံးအဆောက်အအုံများ၊ ဆေးရုံများ၊ စာသင်ကျောင်းများနှင့် ဒေသခံပြည်သူ၏ နေအိမ်များကို ပြန်လည်ပြုပြင်တည်ဆောက်ပေးလျက်ရှိကြောင်း၊ ယခုအခါ ချင်းပြည်နယ် ဖလမ်းဒေသတစ်ဝိုက်အား ယာယီစိုးမိုး၍ပြည်သူအပေါ်အနိုင်ကျင့်စော်ကားလျက်ရှိသော အကြမ်းဖက်သောင်းကျန်းသူများကို ချေမှုန်းသုတ်သင်၍ အဆိုပါဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တပ်မတော်နှင့်ပြည်သူလက်တွဲကာ ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မြဝတီ-သာယ်နှံးညီနောင်-ကော့ကရိတ်ဆက်သွယ်ရေးလမ်းကြောင်းနှင့် မန္တလေး-မတ္တရာ-သပိတ်ကျင်း-တကောင်း-ထီးချိုင့်-ကသာ- အင်းတော်-မော်လူး-မိုးညှင်း-မိုးကောင်း-မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းများကိုလည်း တပ်မတော်က ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ကာ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် လမ်းတံတားများကိုလည်း ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တပ်မတော်၏ ထိရောက်သော စစ်ဆင်ရေးဆောင်ရွက်မှုများအပေါ် ဒေသခံပြည်သူလူထုအနေဖြင့် သောင်းသောင်းဖြဖြ လှိုက်လှိုက်လဲလဲ ဂုဏ်ယူကြိုဆိုကြသကဲ့သို့ ပြည်သူလူထု၏ ယုံကြည်အားကိုးမှုကိုလည်း ရရှိလျက်ရှိကြောင်း၊ ဓမ္မတပ်မနစ်သောဇွဲ၊ လုံ့လဖြင့် ပြည်သူ့ကိုကာကွယ်စောင့်ရှောက်မည်ဟူသော ခိုင်မာသည့်သစ္စာတရား၏အကျိုးကျေးဇူးကို ပြန်လည်ခံစားရခြင်းပင်ဖြစ်ကြောင်း၊ တိုက်ပွဲများတွင် စွမ်းစွမ်းတမံဖြင့် နိုင်ငံတော်အတွက်၊ ပြည်သူလူထုအတွက်၊ တပ်မတော်အတွက် ထူးကဲစွာ စွမ်းဆောင်နိုင်သူများကိုလည်း အသိအမှတ်ပြု ဂုဏ်ပြုပေးလျက်ရှိကြောင်း။

တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ထမ်းဆောင်ရန် ၂၄ နာရီတာဝန်ရှိသည့် ခိုင်မာသောအဖွဲ့အစည်းဖြစ်ကာ အထက်အောက်လေးစား၍ အမိန့်နာခံမှုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ သေအတူယှဉ်မကွာသော သံယောဇဉ်တရားဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ နေ့စဉ်လုပ်ဆောင်နေသော သမားစဉ်လုပ်ငန်းများသည် လေ့ကျင့်နေမှုပင်ဖြစ်၍ အားလုံးတစ်စုတစ်စည်း တည်းလိုက်ပါ ဆောင်ရွက်ခြင်းဖြင့် စည်းလုံးညီညွတ်မှုကိုရရှိစေကြောင်း၊ တိုက်စွမ်းရည်၊ တိုက်စွမ်းအား ကောင်းမွန်မှသာ တိုက်ပွဲကို အောင်မြင်နိုင်မည်ဖြစ်၍ စွမ်းရည်ရှိအောင် ကိုယ်စီတစ်ဦးချင်းမှစ၍ လေ့ကျင့်နေရန်လိုကြောင်း၊ တိုက်စွမ်းအားကောင်းမွန်ရန်နိုင်ငံတော်နှင့် တပ်မတော်မှဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ပြောင်းလဲလာသော ခေတ်မီစစ်လက်နက်ပစ္စည်းများနှင့် စစ်နည်းဗျူဟာများကိုလည်း မျက်ခြည်မပြတ် လေ့လာ၊ လေ့ကျင့်နေရန်လိုကြောင်း၊ ယနေ့ကမ္ဘာတွင်ဖြစ်ပေါ်နေသော စစ်ပွဲများ၏ သုံးစွဲနေသောလက်နက်များနှင့် နည်းပညာများကိုလည်း အမြဲလေ့လာသုံးသပ်နေရန်လိုကြောင်း။

အသိပညာ အတတ်ပညာရှိရန် အတန်းပညာနှင့် စာဖတ်ခြင်းကို ပေါ်းစပ်ဆောင်ရွက်ရန်လိုကြောင်း၊ ပြင်ပစာပေများဖတ်ရှုလေ့လာနိုင်ရန်လည်း တပ်ရင်း၊ တပ်ဖွဲ့များရှိ စာကြည့်တိုက်များကို စာကောင်းပေမွန်များ အမြဲဖြည့်ဆည်းပေးနေရန်လိုကြောင်း၊ စာများများဖတ်ရှုလေ့လာမှသာ အသိပညာဗဟုသုတများရရှိလာမည်ဖြစ်ပြီး အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုးကို ခွဲခြားနိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားမိသားစုဝင်များ၏ သားသမီးများသာမက တပ်မတော်သားများ၏ ပညာရည်မြင့်မားစေရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့၏ သားသမီးများ စဉ်းစားတွေးခေါ်တတ်သည့် ပညာတတ်လူငယ်များဖြစ်စေရေး အားပေးဆောင်ရွက်သွားရန်၊ တပ်မတော်သားများ၏ သား/သမီး အားလုံးကို နှစ်စဉ် တန်းစဉ်ကူးပြောင်းမှုတွင်ပါဝင်နိုင်ရေးနှင့်အနည်းဆုံး KG+9 အဆင့်အထိတတ်မြောက်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

အုပ်ချုပ်မှုအဝိုင်းတွင် တပ်မှူးများသည် ဖခင်ကောင်းစိတ်ဓာတ်၊ ခေါင်းဆောင်ကောင်းစိတ်ဓာတ်ဖြင့်အုပ်ချုပ်သကဲ့သို့ တပ်မှူးများ၏ဓနိုးများသည်လည်း မိခင်သဖွယ် စိတ်ဓာတ်ဖြင့် ထိန်းကျောင်းပေးရန်လိုကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်မှုကောင်းမွန်ရန် အထက်အောက်ဆက်ဆံရေးကောင်းမွန်နေရန်လိုကြောင်း၊ တပ်တွင်းစည်းလုံးမှုတည်ဆောက်ခြင်းသည် အင်အားတည်ဆောက်ခြင်းသာဖြစ်ပြီး စစ်ရေးစွမ်းရည်ကိုဖြစ်ပေါ်စေကြောင်း၊ အုပ်ချုပ်မှုကောင်းမွန်ရန် မျက်နှာလိုက်ခြင်းကင်းမဲ့သော၊ ကျောသားရင်သားမခွဲခြားသော စိတ်ဓာတ်တို့ဖြင့် မျှတစွာ စီမံဆောင်ရွက် ကွပ်ကဲအုပ်ချုပ်ရန်လိုကြောင်း။

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ တပ်မှူးများအနေဖြင့် မိမိတပ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၏ နေထိုင်စားသောက်ရေး၊ ပညာရေး၊ ကျန်းမာရေးအပါအဝင် ရပိုင်ခွင့်များအား အချိန်မီနှင့် ပြည့်ဝစွာရရှိအောင် စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ တပ်မှူးများသည် မိမိတပ်အပေါ် အုပ်ချုပ်ရေး၊ ဘဏ္ဍာရေးနှင့် တရားစီရင်ရေးအရ အခွင့်အာဏာအပ်နှင်းခံထားရသူများဖြစ်၍ အမြော်အမြင်ကြီးမားပြီး စိတ်သဘောထားပြည့်ဝနေရန်လိုကြောင်း။

ကလောဒေသသည် ရာသီဥတုအရ သာယာကောင်းမွန်ပြီး ရေခံ၊ မြေခံကောင်းမွန်သောဒေသဖြစ်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးသည် လက်တွေ့အကျိုးကိုခံစားရသည့် လုပ်ငန်းတစ်ရပ်ဖြစ်၍ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အလေးထား လုပ်ဆောင်ကြရန်မှာကြားလိုကြောင်း၊ ထိရောက်အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းကုန်ထုတ်လုပ်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ပြီး ကုန်စျေးနှုန်းကြီးမြင့်မှုများကိုလည်း အထိုက်အလျောက် လျှော့ချပေးနိုင်မည်ဖြစ်ကာ ပို၍သော ကုန်ပစ္စည်းများကို တပ်နယ်မြေများရှိဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို သက်သာသောစျေးနှုန်းဖြင့် ရောင်းချပေးနိုင်ပါက လက်တွေ့ပါသော စည်းရုံးရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး မိမိဒေသအပေါ် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း။

စိတ်ဓာတ်သည် စည်းကမ်းနှင့်ဆက်စပ်လျက်ရှိပြီး ကိုယ်တိုင်စိတ်ဓာတ်မြင့်မားအောင် တည်ဆောက်ရန်လိုကြောင်း၊ စိတ်ဓာတ်နှင့်စည်းကမ်းသည် ပြုပြင်တည်ဆောက်၍ရသော အရာများဖြစ်၍ ကိုယ်တိုင်လည်း စိတ်ဓာတ်မြင့်မားအောင် ကျင့်ကြံသကဲ့သို့ မိမိအဖွဲ့အစည်းကိုလည်း လေ့ကျင့်ပေးရန်လိုကြောင်း၊ သဘောကောင်းမှနှင့် စေတနာကောင်းမှသည်မတူညီကြောင်း၊ ပြောဆိုဆုံးမပဲ့ပြင်မှုသည် စေတနာကောင်းမွန်မှုကိုအခြေခံခြင်းဖြစ်၍ စည်းကမ်းဖောက်ဖျက်မှုနှင့်ပတ်သက်ပါက အသေးအဖွဲမှစ၍ လျစ်လျူမရှုရန်လိုကြောင်း။

တပ်မတော်သားများဖြစ်သည့်အတွက် ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာကြရန် လိုကြောင်း၊ မလိုလားအပ်သော အပျော်အပါး၊ မူးယစ်ဆေးဝါး၊ လောင်းကစားအပါအဝင် ဆောင်ရန်၊ ရှောင်ရန်များကို လိုက်နာကြရန်လိုကြောင်း၊ မူးယစ်ဆေးဝါးမှု၊ ငွေကြေးရွှေ့ပြောင်းမှုများသည် တပ်တွင်း စည်းလုံးညီညွတ်မှုကိုပျက်ပြားစေကြောင်း၊ အလားတူ လူမှုရေးရှုပ်ထွေးမှုသည်လည်း ခွင့်လွှတ်၍မရသော ကိစ္စရပ်များဖြစ်ကြောင်း။

ပေးအပ်သောလုပ်ငန်းတာဝန်များနှင့် မိသားစုအပေါ် တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် ကျန်းမာကြံခိုင်မှုရှိရန်လိုကြောင်း၊ ကျန်းမာရေးမကောင်းခြင်းကြောင့် လူမှုရေး၊ စီးပွားရေး စသည်တို့ကို ထိခိုက်ပျက်ပြားစေကြောင်း၊ နေ့စဉ်ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်များ လစ်ဟင်းမှုမရှိစေရန်မှာ အရေးကြီးပြီး ကျန်းမာကြံခိုင်မှ အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုများကိုလည်း အမြဲပြတ် ပါဝင်လုပ်ဆောင်သွားကြရန်လိုကြောင်း၊ ကျန်းမာရေးသည် မိမိကိုယ်တိုင်ဆောင်ရွက်ရမည့် ကိစ္စဖြစ်သည့်အတွက် ကျန်းမာကြံခိုင်အောင် စနစ်တကျနေထိုင်စားသောက်ရန်လိုကြောင်း။

ပြည်သူ့စစ်မှုထမ်းများအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များတွင် ရဲရဲဝံ့ဝံ့ဖြင့်ပေးအပ်ယူည့်တာဝန်များကိုကျေပွန်စွာထမ်းဆောင်နေကြကြောင်း၊ စွန့်လွှတ်စွန့်စားစိတ်ဖြင့် တာဝန်ထမ်းဆောင်နေကြသူများကို တစ်ဆင့်မြင့် ရာထူးများချီးမြှင့်ခြင်း၊ စွမ်းရည်သတ္တိဆိုင်ရာ ဆုတံဆိပ်များချီးမြှင့်ခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံချစ်စိတ်ဖြင့် နိုင်ငံ့သားကောင်းပီသစွာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ရန် ၎င်းတို့၏သဘောဆန္ဒအလျောက် ဆက်လက်ဆန္ဒပြုကြသူများလည်း များစွာရှိသဖြင့် ၎င်းတို့ကို ရဲတော်ရဲဘက်စိတ်ဓာတ်ဖြင့် လက်တွဲခေါ်ဆောင်ပေးရန်လိုကြောင်း၊ အလားတူတပ်မတော်၏ အရန်အင်အားများဖြစ်သည့် စစ်မှုထမ်းဟောင်းများသည် နိုင်ငံတော်အတွက် လိုအပ်သည့်အချိန်တွင် တပ်မတော်သားများနှင့်လက်တွဲကာ လုံခြုံရေးတာဝန်များကို တာဝန်သိသိဖြင့် ထမ်းဆောင်လျက်ရှိကြောင်း။

သို့ဖြစ်၍ ၎င်းတို့၏ မိသားစုဝင်များ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေရန် လိုကြောင်းပြောကြားပြီး အရာရှိ၊ စစ်သည်၊ ရဲမများ တစ်ဦးချင်းစီ၏ တင်ပြချက်များအပေါ် လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကိုပေးအပ်ရာ တပ်နယ်မှူးက လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဓနိုး ဒေါ်နီလာက မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တပ်နယ်မှူး၏ဓနိုးကလည်းကောင်း လက်ခံရယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နန်းသီတာဘက်စုံစိုက်ပျိုးရေးမွေးမြူရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဦးစွာ ရှင်းလင်းဆောင်တွင် တိုင်းမှူးက နန်းသီတာ စိုက်ပျိုးမွေးမြူရေးစခန်းဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးမွေးမြူရေးစခန်းအတွင်း စပါး၊ နေကြာ၊ တပ်သျှူးငှက်ပျော၊ DYL ဝက်၊ နွားနွား၊ အသားတိုးနွား၊ ဥစားကြက်၊ အသားတိုးကြက်၊ ဥစားဘဲ၊ငါးများနှင့် ရာသီသီးနှံများ စိုက်ပျိုးမွေးမြူထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိရေးကို ဖော်ဆောင်ပေးခြင်းဖြစ်သဖြင့် အမှန်တကယ်အောင်မြင်ဖြစ်ထွန်းအောင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများ၊ ပို၍သောစားသောက်ကုန်ပစ္စည်းများကို ဒေသအတွင်းရှိဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား အမှန်တကယ် သက်သာသောစျေးနှုန်းများဖြင့် ရောင်းချပေးနိုင်ရေး စီမံဆောင်ရွက်ပေးရန် လိုအပ်သည့်အခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိတ်ပါဝင်စားသူများနှင့် အမှန်တကယ်ကျွမ်းကျင်သူများကို တာဝန်ပေးပြီး ယခုထက်ပိုမိုတိုးတက်အောင်မြင်အောင် စီမံဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများအား လမ်းညွှန်မှာကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းများအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နန်းသီတာဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း၌ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

“ တပ်တွင်းစည်းလုံးညီညွတ်မှုကောင်းမွန်ရန် အထက်အောက်ဆက်ဆံရေးကောင်းမွန်နေရန်လို၊ တပ်တွင်းစည်းလုံးမှုတည်ဆောက်ခြင်းသည် အင်အားတည်ဆောက်ခြင်းသာဖြစ်ပြီး စစ်ရေးစွမ်းရည်ကိုဖြစ်ပေါ်စေ၊ အုပ်ချုပ်မှုကောင်းမွန်ရန် မျက်နှာလိုက်ခြင်းကင်းမဲ့သော၊ ကျောသားရင်သားမခွဲခြားသော စိတ်ဓာတ်တို့ဖြင့် မျှတစွာစီမံဆောင်ရွက် ကွပ်ကဲအုပ်ချုပ်ရန်လို ”

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ညောင်ရွှေမြို့နယ် အင်းလေးဒေသ ရတနာစံကျောင်းတော်ကြီးရှိ အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားအား သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် မေ ၁၈

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ဧနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့နယ် အင်းလေးဒေသ ရတနာစံကျောင်းတော်ကြီးရှိ အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုများအား ကြည့်ရှုစစ်ဆေးကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ပွားတော်မြတ်ငါးဆူအား ရွှေသင်္ကန်းများ ကပ်လှူပူဇော်စဉ်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖောင်တော်ဦးဘုရားရုပ်ပွားတော်မြတ်ငါးဆူကို ပန်း၊ ရေချမ်း၊ ရွှေသင်္ကန်းများ ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကန်တော့ပြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများလှူဒါန်းရာ ဘုရားဂေါပကအဖွဲ့ဝင်များကလက်ခံရယူပြီး ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦးရင်ပြင်တော်ရှိ စိန်နှင့်မြကျောင်းတိုက်သို့သွားရောက်၍ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ဝိဇယအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်ခဲ့ တာဝန်ရှိသူများက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ငလျင်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ဘုရားရင်ပြင်တော်ရှိ နေပူခံကျောက်ပြားများ ကွဲအက်ပျက်စီးခြင်း၊ မုခ်ဦးများ၊ လေကားများ၊ ကရဝိက်ဖောင်တော် ထားရှိရာအဆောင်နှင့် အခြားသာသနိက အဆောက်အအုံများ ပြိုကျပျက်စီးနေခြင်းများကို မူလလက်ရာမပျက် ပြန်လည်ပြုပြင်ထားရှိမှုများကိုလိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ကိန်းဝပ်သီတင်းသုံးတော်မူရာ ရင်ပြင်တော်ရှိ သာသနိက အဆောက်အအုံအချို့သည် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ အဆိုပါ ပျက်စီးခဲ့မှုများအား နယ်မြေခံပြည်နယ်အင်ဂျင်နီယာများနှင့်အဖွဲ့များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ပညာရှင်များဖြင့် ဆွေးနွေးတိုင်ပင်၍ မူလလက်ယာမပျက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဆောင်ရွက်ပြီးစီးမှုအနေဖြင့် ရင်ပြင်တော်ရှိ နေပူခံကျောက်ပြားများခင်းခြင်း ၁၀၀ ရာခိုင်နှုန်း၊ ဖောင်တော်ဦးဘုရား မူလကျောင်းဆောင်အောက်ခြေသံကူကွန်ကရစ် ထပ်ပိုးခြင်း ၁၀၀ ရာခိုင်နှုန်း၊ မူလစံကျောင်းတော် အရှေ့ဘက်၊ အနောက်ဘက် မုခ်ဦးစောင်းတန်းလေကားများ ၁၀၀ ရာခိုင်နှုန်း၊ မူလစံကျောင်းတောင်ဘက် မုခ်လေကားနှင့် မြောက်ဘက်အာရုံခံတန်ဆောင်း ၁၀၀ ရာခိုင်နှုန်း၊ ကရဝိက် အဆောင် ၁၀၀ ရာခိုင်နှုန်း၊ မြောက်ဘက်မုခ်ရှိ လေကားအနေဖြင့် အင်းလေးဖောင်တော်ဦးရုပ်ရင်တော်မြတ်များ ဒေသစာရီကြွချီအပူဇော်ခံရန်အတွက် ပင်မစံကျောင်းတော်မှ ပင့်ဆောင်ရာတွင် အနည်းငယ်မတ်စောက်သည့်အတွက် လေကားအသစ်ပြန်လည်တည်ဆောက်မှု ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရပြီး ဘုရားဖူးပြည်သူများ အန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အောင်ပန်းမြို့တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် တပ်ဖွဲ့ဝင်များအား အားပေးစကားပြောကြားစဉ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၏ဧနီး ဒေါ်နီလာ အမျိုးသမီးနှင့် ကလေးကုသဆောင်၌ တက်ရောက်ကုသလျက်ရှိသည့် လူနာများအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အောင်ပန်းမြို့ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

နေပြည်တော် မေ ၁၈

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ဧနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဧနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့်အရာရှိ၊ စစ်သည်များနှင့်မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အောင်ပန်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံတပ်မှူး၊ တပ်မတော်ပါရဂူများနှင့် ဆေးမှူးများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အားပေးစကားပြောကြား

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့်မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှုအခြေအနေများကို တစ်ဦးချင်းရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဧနီး ဒေါ်နီလာနှင့် အဖွဲ့ဝင်များသည် အမျိုးသမီးနှင့် ကလေးကုသဆောင်သို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❑ ရှေ့ဖုံးမှ

ပြန်လည်ရှင်းလင်းပြောကြားသည်။

အဆိုပါအပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အထိမ်းအမှတ်လှုပ်ရှားမှုသို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ (တာဝန်ခံ) ညွှန်ကြားရေးမှူး ဦးညီမွန်းနှင့် အရာထမ်း၊ အမှုထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ ပြည်တွင်း ၃၀၆ ဦး၊ ပြည်ပ တစ်ဦး၊ ရဟန်းသံဃာတော် အပါး ၃၀၊ သီလရှင် ၃၅ ပါး၊ ပုဂ္ဂလိကကျောင်းများမှ ကျောင်းသား ကျောင်းသူ ၈၇ ဦးနှင့် ဆရာ ဆရာမ ငါးဦး စုစုပေါင်း ၄၆၄ ဦး လာရောက်လေ့လာကြည့်ရှုကြသည်။

အမှတ်တရလက်ဆောင် ချီးမြှင့်

လာရောက်လေ့လာကြသော ရဟန်းသံဃာများနှင့် ပုဂ္ဂလိကကျောင်းများမှ ကျောင်းသား ကျောင်းသူများအား အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ သိကောင်းစရာများ၊ ပညာပေးဆွေးနွေးပွဲများ၊ ယဉ်ကျေးမှုလှုပ်ရှားမှုများ စသည်ဖြင့် ဝန်ဆောင်မှုများပေးခဲ့ပြီး ပုဂံပြတိုက်ရှိ ပြသထားသည့် ပြသပစ္စည်းများ၏ သမိုင်းကြောင်းများကို ဉာဏ်စမ်းပဟေဠိမေးခွန်းများ မေးမြန်းခဲ့ကာ ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား ဌာနခွဲ(တာဝန်ခံ) ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဒီပါလင်း



တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၄၃ / ၂၀၂၆)
၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်
(၂၀၂၆ ခုနှစ်၊ မေလ ၁၈ ရက်)

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၇-၂-၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃၂/၂၀၂၆) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

(က)	ကြည်း ၂၂၇၀ ဗိုလ်မှူးချုပ် ညီညီအောင်	အစား	ကြည်း ၂၉၁၉၇ ဗိုလ်မှူးချုပ် ကျော်လင်းအောင်
(ခ)	ကြည်း ၃၄၁၆၅ ဗိုလ်မှူးကြီး မြင့်ကို	အစား	ကြည်း ၂၀၄၇၂ ဗိုလ်မှူးကြီး မျိုးမြင့်အောင်
(ဂ)	ကြည်း ၂၈၄၅၁ ဒုတိယဗိုလ်မှူးကြီး အောင်နိ	အစား	ကြည်း ၂၀၉၂၉ ဗိုလ်မှူးကြီး ဇော်မြင့်ဦး
(ဃ)	ကြည်း ၂၅၂၉၅ ဗိုလ်မှူး ဇော်ဇော်မိုး	အစား	လေ ၂၀၈၄ ဗိုလ်မှူးကြီး အောင်မျိုးကျော်

(ပုံ) သန်းစိုး
ဒုတိယ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၄၄ / ၂၀၂၆)
၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်
(၂၀၂၆ ခုနှစ်၊ မေလ ၁၈ ရက်)

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် လေးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၁၁-၂-၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃၅/၂၀၂၆) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် လေးဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

(က) **မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

ကြည်း ၅၁၃၂၂ ဗိုလ်ကြီး ဝဏ္ဏနိုင်	အစား	ကြည်း ၃၈၂၈၉ ဗိုလ်မှူး မင်းသုခလှိုင်

(ခ) **ရခိုင်ပြည်နယ်လွှတ်တော်**

ကြည်း ၇၄၁၆၉ ဗိုလ်ကြီး လွင်အောင်မြတ်	အစား	ကြည်း ၅၃၇၆၄ ဗိုလ်ကြီး မျိုးညွှန့်

(ဂ) **ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

ကြည်း ၅၁၂၇၆ ဗိုလ်ကြီး ဝဏ္ဏစိန်မြင့်	အစား	ကြည်း ၅၃၈၈၄ ဗိုလ်ကြီး ကျော်သူနိုင်

(ဃ) **ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**

ကြည်း ၃၉၆၇၃ ဗိုလ်မှူး အောင်ဇော်ထိုက်	အစား	ကြည်း ၄၅၀၄၉ ဗိုလ်မှူး ဇာနည်စိုး

(ပုံ) သန်းစိုး
ဒုတိယ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး အိုဇုန်းလွှာနှင့် ရာသီဥတုကောင်းမွန်ဖို့ လက်တွဲညီညီ ဆောင်ရွက်စို့

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒေါက်တာချာလီသန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာစီးပွားရေးဖိုရမ်နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

နေပြည်တော် မေ ၁၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် စက်မှုနှင့် အသေးစား၊ အလယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ပြည်နယ် ကာဇန်မြို့၌ မေ ၁၃ ရက်မှ ၁၇ ရက်အထိကျင်းပသည့် (၁၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။



မေ ၁၃ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Roman Chekushov နှင့်တွေ့ဆုံ၍ အမှတ်(၁)သံမဏိစက်ရုံ (ပင်းပက်)ဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးမွေးမြူရေး အခြေခံက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် MSME ကဏ္ဍများ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် Tyazhpromexport Co.,Ltd. (TPE) နှင့်တွေ့ဆုံပြီး အမှတ်(၁) သံမဏိစက်ရုံ (ပင်းပက်)နှင့်စပ်လျဉ်းသည့် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

မေ ၁၄ ရက် နံနက်ပိုင်းတွင် (၁၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာစီးပွားရေးဖိုရမ်နှင့် စပ်လျဉ်း၍ ကျင်းပပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ပြီး ကာဇန်အပြည်ပြည်ဆိုင်ရာကုန်စည်ပြခန်း (Kazan Expo International Exhibition Center) တွင် ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုခေတ်ကုန်ဆုံးချိန်တွင် စီးပွားရေးလုပ်ငန်း လွတ်လပ်မှုနှင့် နည်းပညာဆိုင်ရာ အချုပ်အခြာအာဏာကို သေချာစေခြင်း (Ensuring Freedom of Economic Activity and Technology Sovereigity in the Context of the end of the era of Globalization) ဆွေးနွေးပွဲသို့လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် အစ္စလာမ်မစ်နိုင်ငံများတွင် ရုရှားထုတ်ကုန်များကို မြှင့်တင်ခြင်း (Promotion of Russian Product in the Countries of the Islamic World) ဆွေးနွေးပွဲသို့ လည်းကောင်း တက်ရောက်ခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများသည် တာတာစတန်ပြည်နယ် အကြီးအကဲ Mr. Rustam Minnikhanov နှင့်တွေ့ဆုံ၍ တာတာစတန်ပြည်နယ်သည် ရေနံဓာတုလုပ်ငန်း၊ Mechanical Engineering IT ၊ စိုက်ပျိုးရေးကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိမှု၊ ရုရှားနှင့် မြန်မာကြားရှိ ဆက်ဆံရေးကိုအခြေခံ၍ နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ Dr. Kz Rais ၏ ၂၀၂၂ ခုနှစ်၌ မြန်မာနိုင်ငံသို့လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း စိုက်ပျိုးရေးထွက်ကုန်များ၊ ကုန်သွယ်ရေးနှင့် Alabuga Sez သို့ လုပ်သားစေလွှတ်ရေး၊ LoI နှစ်စောင် လက်မှတ်ရေးထိုးခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ လုပ်သားများ အချိန်မီစေလွှတ်နိုင်ရေးအတွက် ကူညီပံ့ပိုးပေးရေး၊ စီးပွားရေးနှင့် ကုန်သွယ်မှုဖြင့်တင်နိုင်ရန် စီးပွားရေးဆွေးနွေးပွဲများ အပြန်အလှန် ကျင်းပရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မေ ၁၅ ရက်တွင် အိုမန်နိုင်ငံကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံပြီး ရေနံထွက်ကုန်များ၊ LNG တင်သွင်းနိုင်ရန် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မြန်မာလယ်ယာထွက်ကုန် ဆန်၊ သရက်သီး၊ ကော်ဖီ၊ ပဲမျိုးစုံတင်ပို့နိုင်ရေး၊ စီးပွားရေးနှင့် ကုန်သွယ်မှုဖြင့်တင်နိုင်ရန် စီးပွားရေးဆွေးနွေးပွဲများ အပြန်အလှန် ကျင်းပရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် Sber Bank ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ငွေကြေးလွှဲပြောင်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊ Gigachal AI တည်ဆောက်ထားသော AI CyberSecurity ကဏ္ဍများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြသည်။

မေ ၁၆ ရက် ညပိုင်းတွင် ကာဇန်ပြည်နယ် ဘဏ္ဍာရေးဝန်ကြီး Mr. Rustam Khusainovich က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

မေ ၁၇ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကာဇန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ညနေပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ(အပိုင်း-၂၇)

ကမ္ဘာ့တက္ကသိုလ်များတွင် စိုက်ပျိုးမွေးမြူရေးပညာနှင့် ဆက်စပ်နေသော ဇီဝသိပ္ပံ (သို့မဟုတ်) သက်ရှိသိပ္ပံ အဆင့်မြင့်ပညာကျောင်းကြီးများအကြောင်း

ဒေါက်တာမျိုးကြွယ် (ပါမောက္ခချုပ်-ငြိမ်း)



ဆစ်ဒနီတက္ကသိုလ်၊ သက်ရှိသိပ္ပံ အခန်းများ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်၊ ရုက္ခ၊ သတ္တဗေဒပညာများ စုပေါင်းသင်ယူနေမှု။

ဩစတြေးလျနိုင်ငံ စိုက်ပျိုးမွေးမြူရေးက နိုင်ငံတကာ၌ ထိပ်တန်းရောက်နေရခြင်းမှာ စိုက်ပျိုးမွေးမြူရေးပညာ အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ပညာရေးတို့ နှစ်စဉ် တိုးတက်ပြောင်းလဲလာမှုအပေါ် မူတည်ပါသည်။ ဩစတြေးလျနိုင်ငံ တက္ကသိုလ်များရှိ စိုက်ပျိုးရေးပညာသင်ကြား၊ သုတေသနများ ဆောင်ရွက်နေမှုများကို အမိနိုင်ငံအတွက် အုပ်တစ်ချပ်၊ သဲတစ်ပွင့် ပမာ ဆက်လက်ဆွေးနွေးလိုပါသည်။

ယနေ့ခေတ် နိုင်ငံတကာတက္ကသိုလ်များတွင် ရုက္ခဗေဒနှင့် သတ္တဗေဒဘာသာ၊ ဌာနများကို ပေါင်းပြီး ဇီဝသိပ္ပံများအဆင့်မြင့်ကျောင်း (School of Biological Sciences) သို့မဟုတ် သိပ္ပံမဟာဌာန (Faculty of Science)ဟူ၍ ဌာနအသစ်များ ပြန်လည်တည်ထောင်ကြသည်။ အကြောင်းရင်းမှာ အကျဉ်းချုပ်ဆိုလျှင် ယနေ့ခေတ် ဇီဝသိပ္ပံပညာရပ်များက အပြန်အလှန်ဆက်နွယ်နေသည့် (Interdisciplinary Disciplines/Subjects) သဘာဝရှိလာပြီး သင်ကြားရေး၊ သုတေသန၊ ဘဏ္ဍာရေးအမြင်အရလည်း ပေါင်းစည်းဆောင်ရွက်သောစနစ်က ပိုပြီး ထိရောက်လာခြင်းကြောင့် ဖြစ်ပါသည်။

(က) ယနေ့ခေတ် ဇီဝဗေဒသည် အပြန်အလှန် ဆက်နွယ်မှုများပြားလာခြင်း

ယခင်ကကဲ့သို့ အပင်၊ တိရစ္ဆာန်ဟု ခွဲထားရမည့်အချိန် မဟုတ်တော့ပါ။ စိုက်ပျိုးမွေးမြူရေးအပါအဝင် ဂေဟဗေဒ(Ecology)တွင် အပင်-တိရစ္ဆာန် အပြန်အလှန်ဆက်နွယ်မှုများ ပါလာပါသည်။ ဥပမာ- မော်လီကျူးဆိုင်ရာဇီဝဗေဒ၊ ဗီဇဗေဒ၊ ဆင့်ကဲဖြစ်စဉ်များက အပင်-တိရစ္ဆာန် မခွဲဘဲ အသုံးဝင်ပါသည်။ အဏ္ဏဝါဗေဒ၊ အနုဇီဝဗေဒ၊ ဇီဝဗေဒဆိုင်ရာထိန်းသိမ်းရေး စသည့်ဘာသာရပ်များကလည်း အပင်၊ တိရစ္ဆာန် သီးသန့်မခွဲခြားဘဲ ဇီဝသိပ္ပံအဆင့်မြင့်ကျောင်း သို့မဟုတ် သက်ရှိသိပ္ပံအဆင့်မြင့်ကျောင်းဟူ၍ ဘာသာကြီးတစ်ခုတည်း စီမံခန့်ခွဲခြင်းက ပိုပြီး လက်တွေ့ဆန်၊ သဘာဝကျလာပါသည်။

(ခ) သင်တန်းသစ် စနစ်ပြုပြင်မှုနှင့် ကျောင်းသားကျောင်းသူ ဘွဲ့ရများ အလုပ်အကိုင်လမ်းကြောင်း

ယနေ့ခေတ် ဇီဝသိပ္ပံဘာသာရပ်သင်တန်းများသည် ဓာတ်ခွဲခန်းကျွမ်းကျင်မှုအမျိုးမျိုး ပေါင်းစပ်သင်ကြားခြင်း၊ စူးစမ်းလေ့လာမှု အခြေခံသင်ကြားနည်းစနစ်၊ အချက်အလက်များ စစ်ဆေးခြင်း၊ ဘာသာရပ်ပေါင်းစုံပြဿနာဖြေရှင်းခြင်တို့ လိုအပ်လာပါသည်။

ရုက္ခဗေဒ၊ သတ္တဗေဒဟူ၍ သီးသန့်ဘာသာများ ခွဲထားလျှင် သင်တန်းများ ချိတ်ဆက်ရခက်ပါသည်။ School of Biological Sciences ဟု တစ်ခုတည်း လုပ်ထားခြင်းဖြင့် သင်တန်းများ ပေါင်းစပ်ဖန်တီးသင်ကြား၊ သင်ယူရလွယ်သွားပါသည်။ ကျောင်းသားများ စိတ်ဝင်စားရာ ဘာသာရပ် အထူးပြုဘာသာရပ်များ ပြောင်းလွှဲသင်ယူရန် ပိုလွယ်လာပါသည်။ အခြေခံဘာသာရပ်များ အတူတူသင်ကြား၊ သင်ယူရန် ပိုသင့်တော်လာပါသည်။

စီမံခန့်ခွဲမှုကို ထိရောက်အောင် ဆောင်ရွက်လာနိုင်ခြင်း

တက္ကသိုလ် အများစုမှာ—

- ဘဏ္ဍာရေး အခက်အခဲ၊ ဖိအား၊ ငွေကြေးသုံးစွဲမှု၊
- ဝန်ထမ်း၊ ဆရာ ဆရာမ၊ အလုပ်သမား ခန့်ထားမှု၊
- ဓာတ်ခွဲခန်း၊ ပစ္စည်းကိရိယာများကို မျှဝေသုံးစွဲခြင်း စသည့်အရာများကြောင့် ဌာနများစွာကို ပေါင်းစည်းပေးခြင်း၊ ဌာနတစ်ခု တည်းထားခြင်း၊ ပညာရှင်များ စုပေါင်းဆောင်ရွက်ခြင်းက ပိုမိုထိရောက်ပါသည်။

ဥပမာ- ဩစတြေးလျအမျိုးသားတက္ကသိုလ်က ၂၀၂၄-၂၀၂၅ ခုနှစ် တက္ကသိုလ်ဖွဲ့စည်းပုံ ပြင်ဆင်ပေါင်းစည်းမှုအစီအစဉ်တွင် ဌာနများစွာပေါင်းစည်းပေးမှုကို အထူးအလေးပေးခဲ့ပါသည်။

သုတေသနအရင်းအမြစ်ရန်ပုံငွေများက ဘာသာရပ်အစုံ စုပေါင်းလေ့လာခြင်းကို ပိုနှစ်သက်၊ ဦးစားပေးလာပါသည်။

အစိုးရအပါအဝင် သုတေသနပေးသော အဖွဲ့အစည်း (Donors/Funding bodies) များက အဖွဲ့လိုက် ဘာသာရပ်အစုံ ရောနှောသုတေသနပြုမှု၊ ရာသီဥတုပြောင်းလဲခြင်း၊ ဇီဝမျိုးကွဲဆိုင်ရာကိစ္စ၊ ဂျီနုန်းမစ်(Genomics) စသည့် စုပေါင်းဆောင်ရွက်ရမည့် သုတေသနစီမံချက်များ စသည်တို့ကို ပိုမိုထောက်ပံ့လာပါသည်။

သိပ္ပံလောကဓာတ်၊ ယနေ့ခေတ်အမှန်အတိုင်း ကိုယ်စားပြုရန်

ရုက္ခဗေဒ၊ သတ္တဗေဒဟု ခွဲခြားထားခြင်းများက လွန်ခဲ့သည့် ၁၉ ရာစု သင်ကြားရေးစနစ်အခြေသာဖြစ်ပါသည်။ ယနေ့ခေတ်တွင် သိပ္ပံကို

- စနစ်၊
- လုပ်ငန်းစဉ်၊ ဖြစ်စဉ်၊
- လက်ရှိဖြစ်ပေါ်နေသော ပြဿနာများ

အလိုက် စီမံဆောင်ရွက်လေ့ရှိကြပါသည်။

ယခင်ဌာန	ယနေ့ခေတ် Equivalent
ရုက္ခဗေဒ	အပင်သိပ္ပံများ၊ ပတ်ဝန်းကျင်သိပ္ပံ၊ ဂေဟဗေဒ၊ မော်လီကျူးဆိုင်ရာဇီဝဗေဒ
သတ္တဗေဒ	တိရစ္ဆာန်ဇီဝဗေဒ၊ ဆင့်ကဲဖြစ်စဉ်၊ ထိန်းသိမ်းရေးဆိုင်ရာဇီဝဗေဒ၊ ငါးလုပ်ငန်းပညာ၊ အဏ္ဏဝါသိပ္ပံ
ဌာနအလိုက် ခွဲထားသည့် ဓာတ်ခွဲခန်းများ	စုပေါင်းလုပ်ဆောင်သော ဓာတ်ခွဲခန်းများ

ဌာနပေါင်းစည်းမှုက ဘာသာရပ်အလုပ်အကိုင်များကို ဘယ်လိုသက်ရောက်သလဲ

ဌာနပေါင်းစည်းမှုများက အလုပ်အကိုင်အပေါ် သက်ရောက်မှု အပြုသဘောမဟုတ်ဘဲ နှစ်မျိုးလုံး ရှိနိုင်ပါသည်။

(က) အလုပ်အကိုင် ရရှိမှုပိုများလာခြင်း

နိုင်ငံတကာ၌ ရုက္ခဗေဒ၊ သတ္တဗေဒဟု တိတိကျကျ ခွဲထားသည့် ဘွဲ့ရများထက် ဇီဝသိပ္ပံဘွဲ့ရများဆိုလျှင်-

- စိုက်ပျိုးမွေးမြူရေး၊
- ဂေဟဗေဒ၊
- ဗီဇဗေဒ၊
- မော်လီကျူးဆိုင်ရာဇီဝဗေဒ၊
- ပြုပြင်ထိန်းသိမ်းရေး၊
- ပတ်ဝန်းကျင်သိပ္ပံ၊
- သစ်တောပညာ၊
- တောရိုင်းအပင်၊ တိရစ္ဆာန်များ လေ့လာသော သိပ္ပံ စသည့်အလုပ်အကိုင် အခွင့်အရေး အများကြီးကို ဝင်ရောက်လုပ်နိုင်ပါသည်။

(ခ) ဘာသာရပ်စုံကျွမ်းကျင်မှု ရှိခြင်း

ဘာသာစုံ ကျွမ်းကျင်မှုများရှိလာသဖြင့် အလုပ်ရှာရ ပိုလွယ်ပါသည်။ ယနေ့ခေတ် အလုပ်အကိုင် သဘောအရ အပင်သီးသန့်၊ တိရစ္ဆာန်သီးသန့် မလိုအပ်တော့ပါ။

အလုပ်ရှင်၊ အလုပ်ပေးမည့်သူများက

- အချက်အလက် ကိန်းဂဏာန်းများစီစစ်ခြင်း၊
- ဓာတ်ခွဲခန်းစနစ်များ၊
- ကွင်းလုပ်ငန်းဆိုင်ရာ ဂေဟဗေဒ၊
- မော်လီကျူးဆိုင်ရာ ကိရိယာများ၊
- ပထဝီ အချက်အလက်ပညာ၊
- ဇီဝအချက်အလက်ပညာ စသည်တို့ကဲ့သို့ ဘာသာရပ်ပေါင်းစုံ ကျွမ်းကျင်မှုပညာရှင် များးစွာလိုပါသည်။

ဇီဝသိပ္ပံကျောင်းဆင်းဘွဲ့ရများက ထိုကျွမ်းကျင်မှုများကို ပေါင်းစပ်သင်ကြားထားလေ့ရှိပါသည်။

(ဂ) သုတေသနအလုပ်အကိုင်အတွက် ပိုအဆင်ပြေခြင်း

သုတေသနလုပ်ငန်းများက ဘာသာစုံအဖွဲ့ကို ပိုနှစ်သက်၍ ဌာနများပေါင်းစည်းမှုက တက္ကသိုလ်တစ်ကျောင်းတည်း ရုက္ခပညာရှင် + သတ္တပညာရှင် + အနုဇီဝပညာရှင် + ဂေဟပညာရှင် + ထိန်းသိမ်းရေးပညာရှင် + ရာသီဥတုသိပ္ပံပညာရှင် + ဂျီနုန်းကျွမ်းကျင်သူ စသည်တို့ကဲ့သို့ အဖွဲ့များ ဖွဲ့ရလွယ်ကူစေ၊ ပေါင်းစပ်သုတေသနပြုရန် လွယ်ကူစေပါသည်။

စာရေးသူ၏ အတွေး

စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ အပါအဝင် မြန်မာနိုင်ငံတက္ကသိုလ်များတွင် ဌာနမျှူး၊ ပါမောက္ခ၊ သီးသန့်ဌာနအသစ် စသည်ဖြင့် ဆရာ ဆရာမ၊ ဝန်ထမ်းများ အငြိမ်းစားမယူမချင်း အသေဆုပ်ကိုင်ထားသည့်စနစ်မှာ လွန်ခဲ့သည့် နှစ် ၃၀-၄၀ ကတည်းက ကျင့်သုံးနေသော စနစ်များဖြစ်နေပါသည်။ စာရေးသူအမြင်တွင် ခေတ်မမီ၊ ခေတ်နောက်ပြန်ဆွဲနေသော စနစ်များသာဖြစ်နေ၍ မူဝါဒချမှတ်မည့်သူများက နိုင်ငံတကာတက္ကသိုလ်များ ဖွဲ့စည်းပုံ၊ နှစ်စဉ်ပြုပြင်ပြောင်းလဲနေမှုကို မျက်ခြည်မပြတ် ကြည့်ရှုပြီး အမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲ ဆောင်ရွက်နိုင်ကြပါစေဟူ၍ ဆန္ဒပြုလိုက်ရပါသည်။ ။

“ ယနေ့ခေတ် နိုင်ငံတကာတက္ကသိုလ်များတွင် ရုက္ခဗေဒနှင့် သတ္တဗေဒဘာသာ၊ ဌာနများကို ပေါင်းပြီး ဇီဝသိပ္ပံများအဆင့်မြင့်ကျောင်း (School of Biological Sciences) သို့မဟုတ် သိပ္ပံမဟာဌာန (Faculty of Science)ဟူ၍ ဌာနအသစ်များ ပြန်လည်တည်ထောင်ကြသည်။ အကြောင်းရင်းမှာ အကျဉ်းချုပ်ဆိုလျှင် ယနေ့ခေတ် ဇီဝသိပ္ပံပညာရပ်များက အပြန်အလှန်ဆက်နွယ်နေသည့် (Interdisciplinary Disciplines/Subjects) သဘာဝရှိလာပြီး သင်ကြားရေး၊ သုတေသန၊ ဘဏ္ဍာရေးအမြင်အရလည်း ပေါင်းစည်းဆောင်ရွက်သောစနစ်က ပိုပြီးထိရောက်လာခြင်းကြောင့်ဖြစ် ”

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး အာမခံအလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု ကြည့်ရှုအားပေး



မန္တလေး မေ ၁၈

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့ရှိ Ayeyarwaddy Success Centure Foods Co., Ltd ၏ မားမားခေါက်ဆွဲခြောက်စက်ရုံနှင့် မိတ္ထီလာမြို့ စက်မှုဇုန်ရှိ ချုန်းကျွန်အထည်ချုပ်စက်ရုံတို့ရှိ အာမခံအလုပ်သမား ၁၅၃၁ ဦးကို ရွှေလျားဆေးကုသယာဉ်ဖြင့် ကွင်းဆင်းဆေးကုသပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် အလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေးနှင့် ကုန်ထုတ်လုပ်မှု တိုးတက်ရေးတို့အတွက် လူမှုဖူလုံရေးဥပဒေနှင့်အညီ သက်ဆိုင်ရာ အာမခံစနစ်အလိုက် အကျိုးခံစားခွင့်များ ရရှိခံစားအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် လုပ်ငန်းရှင်များ၊ HR မန်နေဂျာများ၏ တင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်များ ညှိနှိုင်းဆွေးနွေး

နေပြည်တော် မေ ၁၈

ပြည်ထောင်စု စာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် စာရင်းစစ်ချုပ်များ ညှိနှိုင်းဆွေးနွေးခြင်းကို မေ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦးက ကျင့်ဝတ်သိက္ခာ စောင့်ထိန်းလိုက်နာမှုသည် အဖွဲ့အစည်း၏ အောင်မြင်မှုနှင့် တိုက်ရိုက်သက်ရောက်သဖြင့် အထူးအလေးထားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ပထမနေ့အဖြစ် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်များက လည်းကောင်း၊ ဆွေးနွေးပွဲ ဒုတိယနေ့တွင် မွန်၊ ရခိုင်၊ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ စာရင်းစစ်ချုပ်များ ကလည်းကောင်း လုပ်ငန်းပိုင်းဆိုင်ရာများ ဆွေးနွေးတင်ပြကြပြီး အမြတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက စစ်ဆေးရေး၊ စီမံခန့်ခွဲမှုနှင့် ဝန်ထမ်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယစာရင်းစစ်ချုပ်က လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



❍ *ကျောက်ဖုံးမှ*

ထို့နောက် သင်တန်းအလိုက် လက်ရိုက်အလံ အချက်ပြပို့/ဖမ်းခြင်း လက်တွေ့ပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာ လေးယောက်လှော်ဝမ်းပြား မီတာ(၃၀၀) ပြိုင်ပွဲနှင့် Optimist ရွက်လှေပြိုင်ပွဲ တို့အား နေပြည်တော် စခန်းတန်းခွဲ(၁)၊ နေပြည်တော်စခန်းတန်းခွဲ(၂)၊ အင်းယားစခန်း၊ ကိုကိုးကျွန်းစခန်း၊ ပုသိမ်စခန်း၊ ဟိုင်းကြီးကျွန်းစခန်း၊ မော်လမြိုင်စခန်း၊ မန္တလေးစခန်း၊ ဟိန်းဇစခန်း၊ မြိတ်စခန်း၊ ကျွန်းစုစခန်း၊ ဘားအံစခန်းနှင့် ကျိုင်းတုံစခန်း စသည့်ရေကြောင်း လူငယ်သင်တန်း စခန်း(၁၃)ခုတို့မှ သင်တန်းသား သင်တန်းသူများက အသင်းလိုက်ပါဝင်ယှဉ်ပြိုင်ကြသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် ရေကြောင်းလူငယ်စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် သင်တန်းနှည်းပြများ၊ သင်တန်းအုပ်ချုပ်သူများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ သန့်လွင်တပ်နယ်ရှိ နယ်မြေခံရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆို၍ သီရိမဟာဓေယျကျောင်းထင်ခန်းမ၌ တပ်မတော်(ရေ)သမိုင်းမှတ်တမ်းကို ပြသသည်။ ယင်းနောက် စာသင်ဆောင်ရှိ သင်ထောက်ကူပစ္စည်းခန်းများအား လေ့လာခြင်း၊ Damage Control Simulator(Zar mani) ၊ Ship Handling Simulator၊ Engine Room Simulator၊ Small Arm Simulator များအား လေ့လာခြင်းနှင့် သမိုင်းဝင်စစ်ရေယာဉ်(မေယု) အား သွားရောက်ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်ကြရာ တာဝန်ရှိသူအသီးသီးက ရှင်းလင်းပြသကြသည်။

ယင်းနောက် စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် နယ်မြေခံရေတပ် သင်္ဘောကျင်ဌာနချုပ်သို့ ရောက်ရှိခဲ့ကြပြီး ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းများ၊ လွှန်တင်ပြင်ဆင်လျက်ရှိသော ရေယာဉ်များ၏ ပြုပြင်ရေးဆောင်ရွက်နေမှုများနှင့် စိတ်ဓာတ်မြှင့်တင်ရေးခန်းမသို့ လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် တပ်မတော် (ရေ)မှ စစ်ရေယာဉ်နှစ်စင်းဖြင့် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် လေ့လာရေး သွားရောက်ကြရာ လေ့လာရေးခရီးစဉ်အတွင်း စစ်ရေယာဉ်များ၏ ရေယာဉ်ဆိုင်ရာအချက်အလက်များ၊ လက်နက်နှင့် လက်နက်စနစ်များ၊ စက်ပိုင်းဆိုင်ရာစနစ်များ၊ ရေကြောင်းသွားလာရေးဆိုင်ရာ အထွေထွေဗဟုသုတများ၊ ဆက်သွယ်ရေးနှင့် အီလက်ထရွန်နစ်ဆိုင်ရာစနစ်များ၊ ရေယာဉ်ခုတ်မောင်းနေစဉ် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များနှင့် အခြားသိသင့်သိထိုက်သည်များကို စိတ်ပါဝင်စားစွာ လေ့လာခဲ့ကြပြီး တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုရာထူးဝန်အဖွဲ့ နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် မေ ၁၈

နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံး၌ ကျင်းပရာ နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ကော်မတီဒုတိယဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် ကော်မတီဝင်များက ဘာသာရပ်အလိုက်သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများသို့ခွဲဝေရန် တင်ပြလာသည့် ပညာသင်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ကြပြီး နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး စစ်ကိုင်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု လှည့်လည်ကြည့်ရှု

မုံရွာ မေ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ပေါ်ရှိ ရပ်ကွက်နေပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေး အတွက် ဧရာဝတီမြစ်ရေမှ ရေတင်စနစ်ဖြင့် သောက်သုံးရေ ဖြန့်ဝေပေးနေမှုကို ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်း-မင်းကွန်းကားလမ်း ဧရာဝတီမြစ်ရေတိုက်စားကမ်းပြိုမှု ကာကွယ်ရေး အတွက် ဘိုးပိုင်အခြေပြုသံကူကွန်ကရစ်မြေထိန်းနံရံ တည်ဆောက်နေမှုနှင့် ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့နယ် ဝါးချက်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) စာသင်ကျောင်းဆောင်များ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းဖွင့်အခါ ပြန်လည်ပြုပြင် ဆောင်ရွက်ပြီးမှု အခြေအနေကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၈

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အမျိုးသားပြတိုက်(နေပြည်တော်) Mini Theatre ၌ ကျင်းပသည်။

အွန်လိုင်းဖြင့် တက်ရောက်

အခမ်းအနားသို့ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးရုံးမှူးများနှင့် ပညာရှင်များ တက်ရောက်ကြပြီး မြန်မာနိုင်ငံပြတိုက်များ ကော်မတီအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ရေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနလက်အောက်မှ ပြတိုက်တာဝန်ခံများ၊ ဝန်ကြီးဌာနများမှ ပြတိုက်များနှင့် ပုဂ္ဂလိကပြတိုက်ဖွင့်လှစ်မည့်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

အားလုံးကို ချိတ်ဆက်ပေးနိုင်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ဆောင်ပုဒ်ကို Museums Uniting a Divided World “ကွဲပြားခြားနားသော ကမ္ဘာကြီးအား ပေါင်းစည်းပေးသော ပြတိုက်များ”ဟူသည့် ဆောင်ပုဒ်ကို သတ်မှတ်ပေးခဲ့ကြောင်း၊ ယနေ့ကမ္ဘာတွင် ပြတိုက်များသည် လူသားအားလုံးကို ချိတ်ဆက်ပေးနိုင်သည့် တံတားတစ်စင်းအဖြစ် တည်ရှိနေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ပြတိုက်ပညာရှင် ဒေါ်နုမြဲဇံ



ဦးဆောင်၍ စကားပိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ တပ်မတော်စစ်သမိုင်းပြတိုက်နှင့် အမျိုးသားပြတိုက်(နေပြည်တော်)တို့မှ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



မြစ်ကြီးနားမြို့၌ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အခမ်းအနားကျင်းပ

မြစ်ကြီးနား မေ ၁၈

ပြတိုက်များ၏ အခန်းကဏ္ဍကို အများပြည်သူသိရှိစေရန် ရည်ရွယ်ကျင်းပသည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် ဆေးဘက်ဝါဒဖြန့်ရေးခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးကျော်မင်းခိုင်က ကျေးဇူးတင်စကားပြောကြားပြီး ပြည်နယ်ရေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ပြည်နယ်တာဝန်ခံက မြစ်ကြီးနားပြတိုက်တွင် ရေးဟောင်းအမွေအနှစ်များ ပြသထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က ပြတိုက်အတွင်း ပြသထားရှိသည့် ပြကွက်များအကြောင်း ဉာဏ်စမ်းဖြေဆိုရာတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး ရန်ကုန်မြို့ရှိ နော်ဝေနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

စစ်တွေ မေ ၁၈

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးသည် ရန်ကုန်မြို့ရှိ နော်ဝေနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Ms. Elisabeth Schwabe Hansen နှင့် ပထမအတွင်းဝန် Mr. Martin Nygaard တို့အား ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ယာယီနေရပ်စွန့်ခွာစုရပ်များတွင် နေထိုင်ကြသည့် ဒေသခံပြည်သူများနှင့် IDPs စခန်းများတွင် နေထိုင်ကြသူများအား ထောက်ပံ့ပေးနေမှု၊ ဆက်လက်ထောက်ပံ့မည့် အစီအစဉ်များ၊ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလုပ်ငန်းများ ဖော်ဆောင်ပေးရေး၊ ခရီးသွားလာခွင့်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(အောက်ပုံ)**

တွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ် အစိုးရအဖွဲ့အတွင်းရေးမှူးတို့ တက်ရောက်ကြသည်။

တင်ထွန်း(ပြန်/ဆက်)



ရှမ်းပြည်နယ်ဝန်ကြီးချုပ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲများကြည့်ရှုအားပေး

တောင်ကြီး မေ ၁၈

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမ၌ ကျင်းပသည့် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၃၉)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ဝိုစတာပြိုင်ပွဲများသို့ တက်ရောက်ကြည့်ရှုအားပေးသည်။



ယင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ရှမ်းပြည်နယ်ဘောလုံးအသင်းအား အောင်နိုင်ရေးအလံပေးအပ်ခြင်း အခမ်းအနားသို့တက်ရောက်အမှာစကား ပြောကြားပြီး ရှမ်းပြည်နယ်လက်ရွေးစင် ဘောလုံးအသင်းအား ပြိုင်ပွဲဝင် အသုံးစရိတ်၊ ထောက်ပံ့ငွေနှင့် အောင်နိုင်ရေးအလံပေးအပ်ရာ အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများက လက်ခံရယူကြသည်။

မောင်မောင်သန်း(တောင်ကြီး)

စစ်ကိုင်းခွဲ ဝန်ကျင်စိမ်းလန်းစိုပြည်ဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့ အသိပညာပေးဆွေးနွေး

စစ်ကိုင်း မေ ၁၈

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်း၍ ဝန်းကျင်စိမ်းလန်းစိုပြည်ဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့ အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါရုံး၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေဇင်မိုးက အသိပညာပေးဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိကျော်က ဂေဟဗေဒစနစ်တွင် ပါဝင်သော သစ်ပင်များ၏ အခန်းကဏ္ဍ စသည်တို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

အေးပြိမ်းစံ(ပြန်/ဆက်)

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

နှစ် ၂၀ တစ်ပိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ။။



ဘားအံမြို့၌ မြန်မာ့ရိုးရာလက်ဝှေ့ အခြေခံသင်တန်းနှင့် ဘာသာရပ်ဆိုင်ရာအရည်အသွေးမြှင့် မွမ်းမံသင်တန်းဖွင့်လှစ်

ဘားအံ မေ ၁၈

နိုင်ငံဂုဏ်ဆောင်မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရေး ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် မြန်မာ့ရိုးရာလက်ဝှေ့ အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဇွဲကပင်မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး သင်တန်းအတွက် ငွေကျပ် ၃၆၉ သိန်းကို သင်တန်းနည်းပြများထံ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ လက်ဝှေ့ကလပ်(၂၀)မှ အသက် ၁၅ နှစ်မှ ၂၅ နှစ်အကြား သင်တန်းသား ၈၆ဦး၊ သင်တန်းသူ ၁၄ ဦး စုစုပေါင်း ၁၀၀ တက်ရောက်ပြီး မြန်မာ့ရိုးရာလက်ဝှေ့ချနိုင်ပီယံ ဝမ်ချိုင်း၊ စောင်မန်းတို့ပါဝင်သော သင်တန်းနည်းပြ ၁၃ ဦးက မေ ၁၈ ရက်မှ ဇွန် ၁ ရက်အထိ ၁၄ ရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်သည်။

ထို့နောက် ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် ဘားအံတက္ကသိုလ် ဆရာ ဆရာမများ ဘာသာရပ်ဆိုင်ရာ အရည်အသွေးမြှင့်မွမ်းမံသင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီး ပါမောက္ခချုပ်က သင်တန်းဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ဘားအံတက္ကသိုလ် ဆရာ ဆရာမများက တေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေကြရာ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ဧရာဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ် ဒေသခံကော်မတီအဖွဲ့ဝင်များက ပူတာအိုမြို့ ဗုန်ကန်ရာဇီခန်းမ၌ ဒေသခံ ရပ်မှန့် လီဆူတိုင်းရင်းသားမျိုးနွယ်စုများအား တွေ့ဆုံရှင်းလင်း

မြစ်ကြီးနား မေ ၁၈

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်စီမံမှုဖြင့် ဧရာဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အထောက်အကူပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကချင်ပြည်နယ်ဒေသခံ ကော်မတီအဖွဲ့ဝင်များက ရေအားလျှပ်စစ်စီမံကိန်းနှင့် စပ်လျဉ်း၍ ဒေသခံပြည်သူများ ရှင်းလင်းစွာ သိရှိနားလည်ရေး တွေ့ဆုံဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတွင် ပူတာအိုမြို့ ဗုန်ကန်ရာဇီခန်းမ၌ ဒေသခံရပ်မှန့်၊ လီဆူတိုင်းရင်းသားမျိုးနွယ်စုများနှင့် တွေ့ဆုံရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲများတွင် ဒေသခံကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးထွန်းထွန်းလှိုင်၊ ဦးနော်ထွဲ၊ ဦးမုန်ရိုန်နော်၊ ဦးဂျန်ခုန့်(ခ)ဦးနော်ခုန့်တို့က ရေအားလျှပ်စစ်နှင့် ပတ်သက်သည့် သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာအောင်ဝင်းက ဘူမိဗေဒဆိုင်ရာ တွေ့ရှိချက်များအပေါ် သုံးသပ်ရှင်းလင်းသည်။

အဆိုပါ မြစ်ဆုံ-မြစ်ညာမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲများကို ပူတာအိုမြို့တွင် တိုင်းခန်းတီနှင့် ဂျိုနိုဇော့မျိုးနွယ်စုများ၊ မချမ်းဘောမြို့တို့တွင် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံရှင်းလင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉) သင်တန်းစခန်းအလိုက် ပြိုင်ပွဲများကျင်းပပြုလုပ်

နေပြည်တော် မေ ၁၈

အခြေခံ လေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁၀) နှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၉) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၂၀ ၌ လေ့ကျင့်သင်ကြားလျက်ရှိရာ မေ ၁၇ ရက်တွင် နေပြည်တော်ရှိစစ်ကြောရေးနှင့် တည်ခိုရေးစခန်းသို့ စုံလင်စွာ ရောက်ရှိကြသည်။



အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများ အခြေခံစစ်ရေးပြ (လက်နက်မဲ့၊ လက်နက်ပါ) ပြိုင်ပွဲများကို လက်တွေ့ပါဝင်ယှဉ်ပြိုင်ကြစဉ်။

အဆိုပါအခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀) နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉) သင်တန်းစခန်းပေါင်းစုံမှ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၀၄၄ ဦးသည် ယနေ့နံနက်ပိုင်းတွင် အခြေခံစစ်ရေးပြ (လက်နက်မဲ့၊ လက်နက်ပါ) ပြိုင်ပွဲများကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် Flight Simulator နှင့် RC Simulator မောင်းနှင်ခြင်း ပြိုင်ပွဲများကိုလည်းကောင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများကို တာဝန်ရှိသူများ၊ သက်ဆိုင်ရာ သင်တန်းစခန်း အသီးသီးမှ အုပ်ချုပ်သူနည်းပြများ၊ ဆရာ ဆရာမများနှင့် သင်တန်းသားများက တက်ရောက်အားပေး ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ကျောက်စီမြေထိန်းနံရံနှင့် ရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု တာဝန်ရှိသူများ စစ်ဆေး

မိုင်းရယ် မေ ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရဲယ်မြို့တွင်းလမ်းအပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့(၆) (လားရှိုး)က အစိုးရ၏ ရက်(၁၀၀)စီမံချက်ဖြင့် တာဝန်ယူဆောင်ရွက်နေသည့် ကျောက်စီမြေထိန်းနံရံနှင့် ရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်တွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါတည်ဆောက်ရေးလုပ်ငန်းများသည် ၂၀၂၆-၂၀၂၇ ခုနှစ် ပြည်နယ်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် လားရှိုး(မယ်ဟန်)-မိုင်းရဲယ်-ကျေးသီးလမ်း မိုင်တိုင်အမှတ်(46/7-47/1)ကြား ကျောက်စီရေမြောင်းနှင့် ကျောက်စီမြေကာနံရံ တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။ **မိုင်းရယ်(ပြန်/ဆက်)**



တိုက်ကြီးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

တိုက်ကြီး မေ ၁၈

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယမန်နေ့ နံနက်ပိုင်းက အောက်အလယ်ဘုတ်ကျေးရွာ ဓေယျသုခဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။



ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးသူအောင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးပြောကြားကာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ကြိုတင်ဖြေရှင်းရမည့် အရေးကြီးသယံဇာတ ပဋိပက္ခ သို့မဟုတ် ရေစစ်ပွဲ

ကမ္ဘာပေါ်ရှိ လူသားအပါအဝင် သတ္တဝါများအားလုံး အသက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် အဓိကကျသည့် ရှားပါးသယံဇာတများထဲတွင် ရေအရင်းအမြစ်ပါဝင်သည်။ ကမ္ဘာ့လူဦးရေ တိုးတက်များပြားလာမှု၊ ကုန်ထုတ်လုပ်မှုအမျိုးမျိုး ထွန်းကားလာသည်နှင့်အတူ ရေအရင်းအမြစ်သည်လည်း တဖြည်းဖြည်း ပို၍ ပို၍ရှားပါးလာသည်ဟု သုတေသီများကဆိုသည်။ ထိုသို့ သယံဇာတပမာဏနှင့် လူတို့လိုအပ်သည့်ပမာဏမျှတမှု လျော့ကျလာသောအခါ အငြင်းပွားမှုများ၊ ပဋိပက္ခများ၊ ထိုမှတစ်ဆင့် စစ်ပွဲများဖြစ်လာသည်အထိ ဆိုးကျိုးများ ကြီးမားလာတော့သည်။

စောနိုင်(အသုံးချဘောဂဗေဒ)

"ကမ္ဘာပေါ်တွင် ရေသည် လူတို့အသက်ရှင်နေထိုင်မှုအတွက် အကန့်အသတ်ရှိသော အဓိကအရင်းအမြစ်ဖြစ်သဖြင့် ကမ္ဘာ့လူဦးရေ တိုးပွားလာသည်နှင့်အတူ ရေအသုံးပြုမှုပမာဏ သိသိသာသာ တိုးတက်လာနေသည်ကိုလည်း တွေ့ရသည်။ ထို့အပြင် ရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းလာမှုတို့ကြောင့် ဒေသအခြေအနေအပေါ်မူတည်၍ လည်းကောင်း၊ ရာသီဥတုအခြေအနေများအရလည်းကောင်း ရေအရင်းအမြစ်ရရှိနိုင်မှုနှင့် ရေအရည်အသွေးကျဆင်းမှုတို့ပါ ဖြစ်ပေါ်လျက်ရှိနေသည်။ ထိုအခြေအနေများကြောင့် အနာဂတ်ကာလများတွင် ရေနှင့်ပတ်သက်သည့် အငြင်းပွားမှုများ၊ ပဋိပက္ခများ ပိုမိုဖြစ်ပေါ်လာနိုင်သည်"

"ရေစစ်ပွဲ"(Water War)ဟူသည့် ဝေါဟာရကို ရေအရင်းအမြစ်များ ရှာဖွေဖော်ထုတ်အသုံးပြုခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ ရေအရင်းအမြစ် ရပိုင်ခွင့်၊ အသုံးပြုခွင့်၊ ထိန်းချုပ်ခွင့်နှင့် ပတ်သက်၍ လည်းကောင်း ပဋိပက္ခဖြစ်ပွားမှု၊ ထိုမှတစ်ဆင့် ဖြစ်ပွားသော တင်းမာမှုများ၊ လက်နက်ကိုင် တိုက်ခိုက်မှုများကို လည်းကောင်း ရည်ညွှန်း၍ အသုံးပြုလေ့ရှိသည်။

အငြင်းပွားမှုမှသည်

ရေစစ်ပွဲများသည် ရေရရှိရေးအတွက် လည်းကောင်း၊ ရေအရင်းအမြစ်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍လည်းကောင်း လက်တွေ့သက်သေပြနေသော ပဋိပက္ခများဖြစ်သည်။ အဆိုပါပဋိပက္ခများသည် ရေချို၊ ရေနှင် နှစ်မျိုးစလုံးနှင့် ပတ်သက်၍ ဖြစ်ပေါ်လာနိုင်ပြီး မြစ်ချောင်းများတည်ရှိရာ နေရာများ၊ ရေရရှိမှုခက်ခဲနေသော နိုင်ငံများ၊ ဒေသများတွင် တွေ့မြင်နေရသည်။

အဓိကအားဖြင့် နယ်မြေပိုင်ဆိုင်မှု အငြင်းပွားခြင်း၊ မဟာဗျူဟာမြောက် အသာစီးရလိုခြင်း သို့မဟုတ် ရေချိုအရင်းအမြစ်များအတွက် ခွဲဝေသုံးစွဲမှုမမျှတခြင်းတို့အပေါ် တုံ့ပြန်မှုများ ပြုလုပ်ကြရာမှ ဖြစ်ပေါ်လာတတ်သည်။ ရေအရင်းအမြစ်ကိစ္စများ ဖြေရှင်းရာ၌ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဆုံးဖြတ်ရာတွင် ခက်ခဲမှုများစွာရှိသဖြင့် တစ်ခါတစ်ရံ အငြင်းအခုန်များမှတစ်ဆင့် လက်နက်ကိုင် တိုက်ခိုက်ရသည့် အခြေအနေအထိ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်သွားနိုင်ပေသည်။

ထို့ကြောင့် တဖြည်းဖြည်းနှင့် ပိုမိုကန့်သတ်မှုဖြစ်လာနေသော၊ အကန့်အသတ်ဖြင့်ရှိနေသော ရေအရင်းအမြစ်အခြေအနေကြောင့် နိုင်ငံများအကြား သို့မဟုတ် လူမျိုးအုပ်စုများအကြားဌ ပုံမှန်မျှဝေသုံးစွဲနေသည့်အခြေအနေမှ ရေလိုအပ်ချက် ပိုမိုမြင့်မားလာသည့်အချိန်တွင် မျှတစွာ စီမံခန့်ခွဲသုံးစွဲနိုင်မှုမရှိခဲ့ပါက အငြင်းပွားမှုများ၊ ထိုမှတစ်ဆင့် ရန်လိုမှုများ ဖြစ်ပေါ်လာနိုင်ပြီး စစ်ပွဲများပင် ဖြစ်လာနိုင်သောကြောင့် တစ်နိုင်ငံချင်း အစိုးရများက လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများက လည်းကောင်း သတိပြုလေ့လာ၍ ပဋိပက္ခများ မဖြစ်လာစေရေး ကြိုတင်ကာကွယ်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်ပါသည်။

ရေအရင်းအမြစ် စီမံခန့်ခွဲတတ်မှု

ကမ္ဘာပေါ်တွင် ရေသည် လူတို့အသက်ရှင်နေထိုင်မှုအတွက် အကန့်အသတ်ရှိသော အဓိကအရင်းအမြစ်ဖြစ်သဖြင့် ကမ္ဘာ့လူဦးရေတိုးပွားလာသည်နှင့်အတူ ရေအသုံးပြုမှုပမာဏ သိသိသာသာ တိုးတက်လာနေသည်ကိုလည်း တွေ့ရသည်။ ထို့အပြင် ရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းလာမှုတို့ကြောင့် ဒေသအခြေအနေအပေါ်မူတည်၍ လည်းကောင်း၊ ရာသီဥတုအခြေအနေများအရလည်းကောင်း ရေအရင်းအမြစ်ရရှိနိုင်မှုနှင့် ရေအရည်အသွေးကျဆင်းမှုတို့ပါ ဖြစ်ပေါ်လျက်ရှိနေသည်။ ထိုအခြေအနေများကြောင့် အနာဂတ်ကာလများတွင် ရေနှင့်ပတ်သက်သည့် အငြင်းပွားမှုများ၊ ပဋိပက္ခများ ပိုမိုဖြစ်ပေါ်လာနိုင်သည်။

ရေနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသော ပဋိပက္ခများအတွက် အခြေခံအကြောင်းတရားကို ရာဖွေရာတွင် ရေအရင်းအမြစ်ရှားပါးလာမှုထက် ရရှိနေသည့် ရေအရင်းအမြစ်ကို ကောင်းမွန်သော စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုတို့တွင် လိုအပ်ချက်များကို လက်ညှိုးထိုးအပြစ်တင်ရမည်ဟု သုတေသီတို့က ထောက်ပြကြသည်။

ရေ ပဋိပက္ခတည်ရှိရာနေရာများ

ရေစစ်ပွဲ သို့မဟုတ် ရေပဋိပက္ခများသည် ဆင်းရဲ၊ ချမ်းသာနိုင်ငံမရွေး ကမ္ဘာ့နေရာအနှံ့တွင် ဖြစ်ပွားနိုင်သည်။ အမေရိကန်ပြည်ထောင်စု အနောက်ဘက်ရှိ ကော်လိုရာဒိုမြစ်ပေါ်တွင် ဖြစ်ပွားနေသော ရေပဋိပက္ခသည် ထင်ရှားသော ဥပမာတစ်ခုဖြစ်သည်။ ဂျာမနီနိုင်ငံ ဘာလင်၌ အခြေစိုက်သော ရာသီဥတု၊ ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လွတ်လပ်သောအကြံပေးအဖွဲ့ အာဒါလဲဖီ (ADELPHI) သည် ကမ္ဘာပေါ်၌ ဖြစ်ပွားနေသော ရေအရင်းအမြစ်နှင့် သက်ဆိုင်သည့် ပဋိပက္ခများကို လေ့လာလျက်ရှိသည်။ ထိုအဖွဲ့၏စာရင်းသည် ပြီးပြည့်စုံခြင်းမရှိသေးသော်လည်း ရေအရင်းအမြစ်နှင့်ပတ်သက်သည့် ပဋိပက္ခများ၊ ဖြစ်လာနိုင်ခြေရှိသောရေစစ်ပွဲများ၊ အားထုတ်လုပ်ကိုင်မှုများကို သတိထားမိနိုင်သည်။

(၁) အာဖရိက အရှေ့မြောက်ပိုင်းတွင် စီးဆင်းနေသော အဓိကမြစ်မကြီးဖြစ်သည့် နိုင်းမြစ်ဝှမ်း (Nile Basin) ရေအရင်းအမြစ်နှင့်ပတ်သက်၍ အီဂျစ်၊ အီသီယိုးပီးယားနှင့် ဆူဒန်နိုင်ငံတို့အကြား အငြင်းပွားမှု၊

(၂) ယီမင်နိုင်ငံရှိ ရေရှားပါးပြတ်လတ်မှု၊ မြေအောက်ရေ လွန်ကဲစွာသုံးစွဲမှုအပေါ် ပြည်သူလူထုမကျေနပ်မှု၊

(၃) ယူဖရေးတီးမြစ် (Euphrates)၊ တိုက်ဂရစ်မြစ် (Tigris)များမှ ရေအရင်းအမြစ်နှင့် ပတ်သက်၍ တူရကီ၊ ဆီးရီးယားနှင့် အီရတ်နိုင်ငံတို့အကြား တင်းမာမှု၊

(၄) အာဖဂန်နစ္စတန်နိုင်ငံနှင့် အီရန်နိုင်ငံ အကြား ဟဲလ်မန်ဒ်မန်မြစ် (Helmand River) ရေအရင်းအမြစ်နှင့် ပတ်သက်၍ နယ်နိမိတ်ဖြတ်ကျော်အငြင်းပွားမှု၊

(၅) မဲခေါင်မြစ်ဝှမ်းရှိ ရေကာတာစီမံကိန်းများကြောင့် ရေစီးနှုန်းအပြောင်းအလဲ၊ ငါးလုပ်ငန်းထိခိုက်မှုများနှင့် ပတ်သက်၍ အငြင်းပွားမှုများ၊

(၆) အိန္ဒိယနိုင်ငံ ကာဘယ်ရီမြစ်ဝှမ်း(Cauvery basin)ရှိ ရေအရင်းအမြစ်နှင့် ပတ်သက်၍ ကာနာတာကာပြည်နယ် (Karnataka) နှင့် တမီလ်နာဒူးပြည်နယ် (Tamil Nadu) တို့အကြား အငြင်းပွားမှု၊

(၇) ဆိုမာလီယာနိုင်ငံရှိ ဖိုးခေါင်မှု၊ ရေရှားမှု၊ တိရစ္ဆာန်ဈေးနှုန်းများ မြင့်တက်လာမှုနှင့် ဆက်စပ်ဖြစ်လာသည့် လက်နက်ကိုင် ပဋိပက္ခများ၊

(၈) တူကီယဲနိုင်ငံနှင့် အာမေးနီးယားနိုင်ငံ တို့အကြား နိုင်ငံရေးတင်းမာမှုများ ရှိနေသော်လည်း အားထုတ်ပြုလုပ်နေသော ရေအရင်းအမြစ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊

(၉) အီဂျစ်နိုင်ငံတွင် ကြီးထွားလာနေသည့် နိုင်းမြစ်ရေရှားပါးမှု၏ အကျိုးဆက် စိုက်ပျိုးရေးကဏ္ဍထိခိုက်၍ စားနပ်ရိက္ခာလုံခြုံမှုထိခိုက်ကာ နိုင်ငံ့လုံခြုံရေးပြဿနာအဖြစ် ကြီးထွားလာမှု၊

(၁၀) ဘိုလစ်ဗီးယားနိုင်ငံ၊ ကာချာဘမ်ဘာ (Cochabamba) တွင် ရေအရင်းအမြစ်ကို ပုဂ္ဂလိကပိုင်ပြုလုပ်သဖြင့် ပြည်သူလူထု ဆန္ဒပြပွဲများဖြစ်ကာ ပဋိပက္ခကြီးထွားလာမှု။

ကြိုတင်ပြင်ဆင်ချိန်

ကမ္ဘာ့ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုများကြောင့် ပိုမိုဆိုးရွားလာနေသော ရေအရင်းအမြစ်ရှားပါးမှုသည် နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ထိခိုက်လာခြင်း၊ ဒေသများအကြား ရွှေ့ပြောင်းသွားလာမှုအခြေအနေ ပိုမိုဆိုးရွားလာခြင်းနှင့် ပဋိပက္ခများ ပိုမိုဖြစ်လာစေနိုင်သည်ဟု ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတစ်ခုသို့ ဖော်ပြထားသည်။ ယနေ့အချိန်တွင် ရေသည် စိုက်ပျိုးရေးအတွက် အသက်သွေးကြော၊ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အဓိကသော့ချက်၊ ရှားပါးသော အရေးပါသည့် သဘာဝအရင်းအမြစ်တစ်ခုအဖြစ် ယခင်ကထက် ပိုမိုလက်ခံသဘောထားလာနေကြပြီဖြစ်သည်။ ထို့ကြောင့် "ရေ"ကြောင့်ဖြစ်လာနိုင်သည့် အငြင်းပွားမှု၊ ပဋိပက္ခများ၏ အငြင်းပွားမှုမီးစများ မကြီးထွားလာစေရေး ထိန်းသိမ်းပြင်ဆင်ရပေတော့မည်။

ရေပဋိပက္ခ သို့မဟုတ် ရေစစ်ပွဲကို ဦးတည်နေသော နိုင်ငံများအနေဖြင့် ရေအရင်းအမြစ်ကို ထိခိုက်စေသည့် အခြေအနေများကို လေ့လာမှုများ ပိုမိုပြုလုပ်၍ ကြိုတင်ပြင်ဆင်ကာကွယ် လုပ်ဆောင်ခြင်း၊ ရရှိနေသည့် ရေအရင်းအမြစ်များကို မျှတစွာ စီမံအုပ်ချုပ်၍ ပိုမိုထိရောက်စွာ ခွဲဝေသုံးစွဲနိုင်ရေး စီစဉ်ပေးခြင်းတို့ကို အရေးတယူလုပ်ဆောင်ရန် လိုအပ်ပါသည်။ သို့မှသာ ရေအရင်းအမြစ်ရှားပါးခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများဖြစ်သည့် ရေစစ်ပွဲများ၊ ရေပဋိပက္ခများဖြစ်ပွားခြင်းများကို ထိန်းသိမ်းနိုင်ကြလိမ့်မည်ဟု မျှော်လင့်ရပေသည်။ ။

ကိုးကား။

http://encyclopedia.uia.org

ရေစစ်ပွဲ၏ အဓိကအချက်များ:

အရင်းအမြစ်ပဋိပက္ခ: လူဦးရေတိုးပွားလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ရေချိုရှားပါးလာရာတွင် အရင်းအမြစ်ကိုပိုင်ဆိုင်ရန် ပြိုင်ဆိုင်မှု။

မြစ်ဖျားခံရာဒေသထိန်းချုပ်မှု: မြစ်ဖျားခံရာ (Upstream) နိုင်ငံများက ဆည်များ ဆောက်လုပ်ပြီး ရေစီးဆင်းမှုကို ထိန်းချုပ်ခြင်းဖြင့် အောက်ပိုင်း (Downstream) နိုင်ငံများ၏ရေရရှိမှုကို မြိမ်းခြောက်ခြင်း (ဥပမာ – မဲခေါင်မြစ်၊ နိုင်းမြစ်)။

စီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်း: ငါးဖမ်းလုပ်ငန်းနှင့် စိုက်ပျိုးရေးအတွက် လိုအပ်သော ရေအရင်းအမြစ်ကို လုယူခြင်း။

အရေးပေါ်သားဖွားခြင်းနှင့် မွေးကင်းစကလေး ပြုစုစောင့်ရှောက်ခြင်း သင်တန်းဖွင့်

သထုံ မေ ၁၈

မွန်ပြည်နယ် သထုံမြို့နယ်၌ ပထမ ရက် (၁၀၀) စီမံချက်ဖြင့် ပြီးပြည့်စုံသော အရေးပေါ်သားဖွားခြင်းနှင့် မွေးကင်းစကလေး ပြုစုစောင့်ရှောက်ခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက သထုံခရိုင် ပြည်သူ့ဆေးရုံကြီးခန်းမ၌ကျင်းပရာ ဒုတိယခရိုင်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဝင်းဇော်က အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းကို မေ ၁၈ ရက်မှ ၂၂ ရက်အထိ တစ်ကြိမ်၊ မေ ၂၅ ရက်မှ ၂၉ ရက်အထိ တစ်ကြိမ်၊ သထုံ၊ ဘီးလင်းနှင့် ကျိုက်ထိုမြို့နယ်တို့အတွင်းရှိ တိုက်နယ်ဆရာဝန်များကို ခရိုင်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်များ၊ သမားတော်တို့က သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

ပုသိမ်မြို့ပေါ်တွင် သီတင်းသုံးနေထိုင်သည့် ဆရာတော်ကြီးများအား ကျန်းမာရေးဆေးစစ်ပေး

ပုသိမ် မေ ၁၈

ရော၀တီတိုင်းဒေသကြီး ပုသိမ်မြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးတို့၌



သီတင်းသုံးတော်မူကြသော ထေရ်ကြီးဝါကြီးဆရာတော်ကြီးများအား ရော၀တီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ပုသိမ်မြို့ပြည်သူ့ဆေးရုံကြီး၌ ယနေ့နံနက်တွင် ကျန်းမာရေးဆေးစစ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

ထိုကဲ့သို့ ကျန်းမာရေးဆေးစစ်ပေးရာတွင် ပုသိမ်မြို့ပေါ်ရှိ ဂိုဏ်းပေါင်းစုံဆရာတော် သံဃာတော် ၁၈ ပါးတို့အား အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးဆေးစစ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာသို့ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်၊ ဆေးရုံအုပ်နှင့် တိုင်းဒေသကြီးသာသနာရေးမှူးတို့က ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ တိုင်းဒေသကြီး(ပြန်/ဆက်)



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး၀န်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ပဲခူးတိုင်းဒေသကြီး တာ၀န်ခံ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးထွန်း၀ေ၊ သာယာ၀တီခရိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တာ၀န်ရှိသူများ မေ ၁၇ ရက်က လိပ်ဥကုန်း – ကျောက်တွင်း – ရန်ကင်းတောင်လမ်းကို ကျောက်ချောလမ်းပေါက်များ ဖာထေး၍ ဂ၀်မြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုအား ကွင်းဆင်းစစ်ဆေးစဉ်။ ခရိုင်(ပြန်/ဆက်)

သဘာ၀ဘေးအန္တရာယ်ဆိုင်ရာကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်၀ေ

ပေါင် မေ ၁၈

ဘေးအန္တရာယ်ဆိုင်ရာကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်၀ေခြင်းကို ယနေ့ မွန်းလွဲပိုင်းက မွန်ပြည်နယ် ပေါင်မြို့နယ် ကဒါရပ်ကွက် မင်္ဂလာဈေးခွံပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့၀င်များ၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းထက်ထက်ဟန်နှင့် ၀န်ထမ်းများ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာဆရာမများ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ၀န်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့၀င်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ



၀န်ထမ်းများ၊ မီးသတ်တပ်ဖွဲ့၀င်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၀င်များက လက်ကမ်းစာစောင် ၅၀၀ ကို အခမဲ့ဖြန့်၀ေပေးခဲ့သည်။

မွန်မလေး(ပြန်/ဆက်)

ပြည်မြို့နယ်၌ စားအုန်းဆီအရောင်းဆိုင်များအား ရည်ညွှန်းဈေးနှုန်းနှင့်အညီ ရောင်းချရေးကွင်းဆင်းစစ်ဆေး

ပြည် မေ ၁၈

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ ခွဲတမ်းရစားအုန်းဆီလက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချလျက်ရှိသော အရောင်းဆိုင်များအား ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမြင့်အောင်၏ ကြီးကြပ်မှုဖြင့် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၊ ခရိုင်အထူး



စုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ခရိုင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ခရိုင်ဆိုကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့မှ တာ၀န်ရှိသူများပါ၀င်သော ပူးပေါင်းအဖွဲ့၀င်များသည် ယမန်နေ့မွန်းလွဲပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ပြည်မြို့နယ်အနေဖြင့် မြို့ပေါ်ရပ်ကွက် ၁၄ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၅ အုပ်စုရှိပြီး အိမ်ထောင်စုတစ်စုလျှင် ဆီစာအုပ်တစ်အုပ်နှုန်းဖြင့် လက်ကားကိုယ်စားလှယ်လေးဦး၊ လက်လီအရောင်း ၅၄ ဦးမှ တစ်လလျှင် ဆီပိပါပေါင်း ၉၆၈ ပိပါ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး နေ့စဉ်ကားဖြင့် ရပ်ကွက်/ကျေးရွာ၊ ဌာနဆိုင်ရာများသို့လည်းကောင်း၊ အပတ်စဉ်ပွဲဈေးနေ့တိုင်း ဝန်ထမ်းအိမ်ရာများတွင်လည်းကောင်း၊ ကျောင်းဖွင့်ကာလများတွင် အပတ်စဉ်အင်္ဂါနေ့တိုင်း တက္ကသိုလ်၊ ကောလိပ်၊ သင်တန်းကျောင်းများသို့လည်းကောင်း၊ လစဉ် ၂၁ ရက်နေ့တိုင်း ပြည်သူ့ဆေးရုံကြီး၌ ဆေးပြပင်စင်စားဝန်ထမ်းများသို့လည်းကောင်း သတ်မှတ်ရည်ညွှန်းဈေးနှုန်းအညီ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။ အေးမိုး(ပြန်/ဆက်)

ကျိုက္ခမီမြို့၌ ကျောင်းအပ်နှံရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်၀ေ

သံဖြူဇရပ် မေ ၁၈

မွန်ပြည်နယ် ကျိုက္ခမီမြို့၌ ၂၀၂၆–၂၀၂၇ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းအပ်နှံနိုင်ရေးအသိပညာပေးနှိုးဆော်လက်ကမ်းစာစောင်ဖြန့်၀ေခြင်းကို ယနေ့နံနက်ပိုင်းက ကျိုက္ခမီမြို့ မြို့မဈေးရပ်ကွက်(မြို့မဈေး)၌ ဆောင်ရွက်ကြသည်။

အဆိုပါလက်ကမ်းစာစောင်ကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏စီစဉ်မှုဖြင့် အဖွဲ့၀င် ဦးအောင်သန်း ဦးဆောင်၍ ကျိုက္ခမီမြို့အုပ်ချုပ်ရေးမှူးနှင့်၀နှ်ထမ်းများက ကျောင်းအပ်နှံနိုင်ရေး နှိုးဆော်ခြင်း လက်ကမ်းစာစောင်များကို ပေးဝေခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





ရော၀တီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ သီးသန့်မီးသတ်တပ်ဖွဲ့၀င်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းဖွင့်ပွဲကို မေ ၁၈ ရက်နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အမှာစကား ပြောကြားပြီး မအူပင်ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမိုးထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားစဉ်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

ပျော်ဘွယ်မြို့နယ်အတွင်း ဆိတ်၊ သိုး မွေးမြူထားရှိမှုအား ကြည့်ရှုစစ်ဆေး

ပျော်ဘွယ် မေ ၁၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး၀န်ကြီးဌာန သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီးပွား)ဦးအောင်ပြည့်စိုးနှင့် အဖွဲ့သည် မေ ၁၆ ရက်က နိုင်ငံတော်ထောက်ပံ့ငွေ(သက်တန့်ရောင်စီမံကိန်း)ဖြင့် ဆောင်ရွက်မည့် ပျော်ဘွယ်မြို့နယ် ဖက်တောအုပ်စုယုန်ကုန်းကျေးရွာ ငွေလမင်းလ/ထဆသင်းရှိ ဆိတ်၊ သိုးမွေးမြူမည့် သူများအား သွားရောက်တွေ့ဆုံအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ဘုန်းမြတ်



ဆင်ပေါင်ဝဲမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေး

ဆင်ပေါင်ဝဲ မေ ၁၈

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် လ၀ကဦးစီးမှူးရုံး၌ ရက် (၁၀၀)စီမံချက်ဖြင့် ကြာအင်းကျေးရွာရှိ အသက် ၁၀ နှစ်နှင့် အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ (One Stop Service)ဖြင့် ထုတ်ပေးခြင်းကို ယမန်နေ့က ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ပေးနေမှုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းနှင့် မြို့နယ်လူ၀င်မှုကြိုးကြပ်ရေးနှင့် တာ၀န်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများထံသို့ လက်၀ယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

ခန့်၀င်း(ဆင်ပေါင်ဝဲ)



❖ *ကျောဖုံးမှ*

ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ် အသီးသီး၌ ကျင်းပပြုလုပ်ရာ နေပြည်တော် ကောင်စီဥက္ကဋ္ဌ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သတ်မှတ် စစ်မှုထမ်းကာလကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီး မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများအသီးသီး ပြောကြားကြသည်။ ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက စစ်မှုထမ်း တာဝန်ကျေပွန်စွာ ထမ်းဆောင်၍ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် နိုင်ငံသားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီး ကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားအသီးသီးသို့ တက်ရောက်လာကြသူများအား လက်ဖက်ရည်ပိုင်းများ၊ ဂုဏ်ပြုနေ့လယ်စာများဖြင့် တည်ခင်းဆည်းခဲ့၍ နိုင်ငံသားကောင်း စစ်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများအနေဖြင့် ၎င်းတို့၏ ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက်စွန့်လွှတ် အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသော နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ခဲ့ကြသူများအဖြစ်လည်း ကောင်း၊ နိုင်ငံကြီးသားပီသစွာဖြင့် ဥပဒေပါ တာဝန်များကို ကျေပွန်ခဲ့ကြသူများအဖြစ် လည်းကောင်း သမိုင်းဝင် ကမ္ဘည်မော်ကွန်းထိုးမှတ်တမ်းဝင်ခဲ့ကြပြီ ဖြစ်သည်။ နိုင်ငံတော်နှင့် တပ်မတော် အနေဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ် ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများ ရရှိစေရေး အတွက် စနစ်တကျဆောင်ရွက်ပေးခဲ့သည့်အပြင် နိုင်ငံတော်အတွက် လိုအပ်နေသည့် အချိန်တွင် အသက်ကိုပဓာနမထားဘဲ နိုင်ငံ့အကျိုးအတွက် တပ်မတော်၏ အရန်အင်အားအဖြစ် ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့မှုအပေါ် နိုင်ငံတော်နှင့် တပ်မတော်က တန်ဖိုးထားလေးစားဂုဏ်ပြုလျက် ရှိကြောင်း သိရှိရသည်။

ပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ် စစ်မှုထမ်းကာလ ပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင်(သို့) အလားတူ ရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။ ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ပြီးသူများအနေဖြင့် အလုပ်အကိုင် ရရှိရေးများနှင့် ပတ်သက်၍လည်း ၎င်းတို့ဆန္ဒရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်း သင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်း အပါအဝင် ပြည်တွင်း/ပြည်ပ ကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင်ရေးတို့အတွက် “စစ်မှုထမ်းတာဝန် ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှု ကော်မတီ” က သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းအချို့သည်လည်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်ကြသည်များလည်းရှိကြကြောင်း သိရှိရသည်။

ယခုကဲ့သို့ နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်၍ သတ်မှတ်ကာလ ပြည့်မြောက်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားသည် နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်းများပီပီ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများကို ထိုက်ထိုက်တန်တန် တန်ဖိုးထားခြင်းဖြစ်ပြီး တပ်မတော်နှင့် ပြည်သူအကြား ယုံကြည်မှု၊ အပြန်အလှန်လေးစားမှု၊ ကိုယ်ချင်းစာနားလည်မှုနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်း၏ တာဝန်ရှိမှု၊ တာဝန်သိမှုတို့ကိုမေ့ပြေပြည့် သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်ရာ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းများ၊ သင်တန်းတက်ရောက်နေဆဲ ဖြစ်သည့် ပြည်သူ့စစ်မှုထမ်းများနှင့် နောင်လာနောက်သား မျိုးဆက်သစ် လူငယ် လူရွယ်များအတွက်လည်း စံနမူနာကောင်းတစ်ခုပင် ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းများ၏ တာဝန်ကျေပွန်မှုများသည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးကဏ္ဍတွင် ပြည်သူတစ်ရပ်လုံးက စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်လာပြီး တပ်မတော်နှင့် ပြည်သူတစ်သားတည်း ဖြစ်တည်မှုကို အပြည့်အဝသက်သေထူသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုလည်း ဖြစ်သည်။

သတ်မှတ်ကာလ ပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–

၁။ ကျွန်တော်တို့အနေနဲ့ ကတော့ တပ်အထိုင်ပါပဲ။ နောက်ချန်အင်အားအနေနဲ့ တာဝန်ယူပေးရတဲ့ နေရာမှာ နေရတယ်။ ရှေ့တန်းစစ်ဆင်ရေး ထွက်နေသူတွေ စားနပ်ရိက္ခာတို့၊ လက်နက်ခဲယမ်းတို့ကအစ လိုလေသေးမရှိအစစအရာရာ ပို့ပေးတဲ့နေရာကနေ တာဝန်ယူပေးရတယ်။ အတွေ့အကြုံကတော့ အသက်အန္တရာယ်ကြားထဲကလည်း အကောင်းဆုံးဖြတ်ကျော်ခဲ့ရတယ်။ အခက်အခဲလည်း မြောက်မြားစွာရှိတယ်။ ဒါပေမယ့် စိတ်ဓာတ်မကျဘဲနဲ့ ဆက်လျှောက်သင့်တယ်လို့တော့ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ဒီမြေမှာကြီးပြီး ဒီရေကို သောက်ပြီးတော့ လူငယ်တစ်ယောက်အနေနဲ့ အကောင်းအဆိုးခွဲခြားပြီး သုံးသပ်သင့်ပါတယ်။ ဘာပဲလုပ်လုပ်ပေါ့။ လူငယ်တစ်ယောက် အနေနဲ့ လုပ်သင့်လုပ်ထိုက်တာကို တာဝန်ကျေပွန်စွာနဲ့ ထမ်းဆောင်နိုင်ခဲ့ပြီလို့တော့ထင်ပါတယ်။ ကျွန်တော်တို့ ဒီလိုနှစ်ပြည့်တဲ့အချိန်မှာ အတိအကျ ပြန်ခေါ်ပေးပြီးတော့ ဆုတံဆိပ်တွေ ချီးမြှင့်ပေးတဲ့အတွက်လည်း အများကြီးကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

၂။ ကျွန်တော်ကတော့ တက္ကသိုလ်လေ့ကျင့်ရေးတပ်မှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ ပြည်သူ့စစ်မှုထမ်းတစ်ယောက်ပါ။ အတွေ့အကြုံအနေနဲ့ကတော့ ကျွန်တော်တို့ ပြုပြင်ပြောင်းလဲရတာတွေ၊ ကြုံတွေ့ခဲ့ရတာတွေ အများကြီးပဲ။ ကျွန်တော်တို့ အများကြီး သိခဲ့ရတယ်။ အများကြီး





စည်းစနစ်ကျသွားတယ်။ ကျွန်တော်တို့က အချိန်နဲ့တစ်ပြေးညီ လုပ်ကိုင် တတ်သွားတာတွေ၊ အရေးကြီးရင်ကြီးသလို၊ အလျင်လိုရင်လိုသလို အမြန်ဆုံးပြောင်းလဲရတာတွေ၊ ရှင်သန်ရတာတွေ အဲဒီလို အများကြီးကွာခြားသွားပါတယ်။ ကိုယ့်ဘဝအတွက်တော့ အများကြီး အမိပ္ပာယ်ရှိပါတယ်။ ပြည်သူ့စစ်မှုထမ်း တံဆိပ်ကို ကျွန်တော်တို့အနေနဲ့ လွယ်လွယ်ကူကူရရှိခဲ့တာ မဟုတ်ပါဘူး။ နှစ်နှစ်တာကာလ တာဝန်ထမ်းဆောင်ပြီးမှ ရရှိခဲ့တဲ့အတွက် ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူမိပါတယ်။ အိုးစားဖက်တွေအတွက်လည်း ဂုဏ်ယူမိပါတယ်။ အချိန်ကာလတစ်ခုအထိ အတူတူစား၊ အတူတူသွားခဲ့တဲ့အတွက် သူတို့အတွက်လည်း အများကြီး ဝမ်းနည်းဝမ်းသာဖြစ်မိပါတယ်။



ကျင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် အောင်ဇော်ထွေးတို့က စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်နေစဉ်။



စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးသော ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၂/၂၀၂၄) စစ်သည်များအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ဆန်းတို့က ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်နေစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုး စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့်ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်ပေးအပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်က ပြည်သူ့စစ်မှုထမ်းများအတွက် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးမြောက်ကြောင်း လက်မှတ်ပုံစံ(၁၂)နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။

၂၀၂၆ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 (PM_{10}) ၊ Sulphur Dioxide (SO_2)၊ Nitrogen Dioxide (NO_2)၊ Ozone (O_3) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

စဉ်	ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ	တိုင်းတာသည့် Parameter များ					
		၂.၅ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ	၁၀ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ	ဆာလဖာ ဒိုင်း အောက် ဆိုဒ်	နိုက် ထရိုဂျင် ဒိုင်း အောက် ဆိုဒ်	အို ဇုန်း	ကာဗွန် မို နောက် ဆိုဒ်
၁	ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၂	အပြည်ပြည်ဆိုင်ရာစီးပွားရေး လုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၃	ဒဂုံမြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

0–50	လေထုအရည်အသွေးကောင်းမွန်သောအဆင့်
51–100	လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့်
101–150	ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
151–200	ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
201–300	ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့်
301–500	ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့်

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့် နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး တရုတ်နိုင်ငံသားတစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင့်နိုင်ရေး စစ်ဆေးနိုင်ခဲ့

နေပြည်တော် မေ ၁၈ နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသများ၌ တရားမဝင်ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင့်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့် ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်အတွင်းသို့ တရားမဝင်လမ်းကြောင်းမှ တစ်ဆင့် ဝင်ရောက်နေခဲ့သည့် တရုတ်နိုင်ငံသားတစ်ဦး ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင့်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။



၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မေ ၁၈ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၅၈ ဦး ထိန်းသိမ်း နိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ ပြန်လည်ပို့ဆောင်ခဲ့သည်။

ထိန်းသိမ်းစောင့်ရှောက်

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၃၆ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၆၆ ဦး ရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၇၀ တို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ပြီး ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရသည် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက် ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့် လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မေ ၁၈

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ကလေးငယ်များရဲ့အနာဂတ်ကို လက်တွေ့အကောင်အထည်ဖော်ပေးနေသော အစိုးရနှင့် နိုင်ငံရေး ခေါင်းစဉ်အောက်မှာ ကလေးငယ်တွေကို အသုံးချနေတဲ့ အစိုးရအမည်ခံအဖွဲ့အစည်း"** ခေါင်းစဉ်ဖြင့် မေ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် မေ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် **"ဓားပြတိုက်၊ ဆက်ကြေးကောက်၊ အလှူခံအလုပ်နဲ့ပဲ ဇာတ်သိမ်းတော့မည့် ဦးတည်ရာပြောင်းလာပြီဖြစ်သော ကိုယ်ကျိုးရှာတော်လှန်ရေး"** ခေါင်းစဉ်ဖြင့် ဆက်လက် ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။

အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ သတင်းစဉ်



ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် အောက်ပိုင်းဘောလုံးကွင်းထောင့်၌ မေ ၁၅ ရက်က ရက်(၁၀၀)စီမံချက်ဖြင့် ဖျာပုံခရိုင် ရဲတပ်ဖွဲ့များ ယာယီဒုတိယရဲမှူးကြီး သန်းဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့် ခေတ္တမြို့နယ် ရဲတပ်ဖွဲ့များ ရဲမှူး အောင်မင်းအပါအဝင် ကော်မတီဝင်များ၊ ဘိုကလေးမြို့မစခန်းမှူး ဒုရဲမှူး ကျော်ဦးနှင့် ဌာနဆိုင်ရာများက တက်ရောက်၍ ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် တရားခံပြေးများ စာရင်းပါ မြေစိုက်ပိုစတာအား စိုက်ထူကြစဉ်။

မိုးစက်(ဘိုကလေး)

လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

နေပြည်တော် မေ ၁၈ - မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

အီဘိုလာရောဂါကူးစက်ဖြစ်ပွားမှုကို သတိဖြင့် နေထိုင်ရန် ကမ္ဘောဒီးယားအစိုးရ တိုက်တွန်း

ဖနောင်ပင် မေ ၁၈

ကမ္ဘောဒီးယားနိုင်ငံတွင် အီဘိုလာရောဂါကူးစက်ဖြစ်ပွားမှု ယခုချိန်အထိ မတွေ့ရှိသေးသော်လည်း ပြည်သူများကို သတိဖြင့်နေထိုင်ရန် အစိုးရက တိုက်တွန်းထားသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက မေ ၁၈ ရက် ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

အီဘိုလာရောဂါ ကူးစက်ဖြစ်ပွားမှုကြောင့် ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံတွင် သေဆုံးသူ ၈၀ ကျော်လာချိန်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် ကြေညာလိုက်ပြီးနောက် ယခုလို ထုတ်ပြန်ချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ယခုအခါ အဆိုပါ အီဘိုလာရောဂါသည် ယူဂန်ဒါနိုင်ငံသို့ ဆက်လက်ကူးစက်ပျံ့နှံ့လျက်ရှိပြီး သေဆုံးမှုများ ဖြစ်ပေါ်လျက်ရှိသည်။

လက်ရှိအချိန်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ မည်သည့် အီဘိုလာရောဂါကူးစက်ဖြစ်ပွားမှုမျိုးမှ မတွေ့ရှိသေးကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။ ကျန်းမာရေးဝန်ကြီးဌာနသည် အီဘိုလာရောဂါ ကူးစက်ဖြစ်ပွားနိုင်ခြေကို အနီးကပ်စောင့်ကြည့်စစ်ဆေးလျက်ရှိပြီး အီဘိုလာရောဂါနှင့်ပတ်သက်၍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအသင်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများကို လူမှုမီဒီယာပလက်ဖောင်းမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ အသိပညာပေးခြင်းနှင့် လမ်းညွှန်မှာကြားခြင်းများ ပြုလုပ်လျက်ရှိသည်။

ထို့ပြင် နိုင်ငံအတွင်း အီဘိုလာရောဂါကူးစက်ဖြစ်ပွားမှုများဖြစ်ပေါ်ခဲ့ပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုများနှင့် လိုအပ်သော ကြိုတင်ကာကွယ်မှုများဆောင်ရွက်နိုင်ရန် အဆင်သင့်ပြင်ဆင်ထားရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အီဘိုလာရောဂါသည် လူများတွင် ကူးစက်ဖြစ်ပွားတတ်ပြီး မကြာခဏသေဆုံးစေနိုင်သည့် ကူးစက်မြန် သွေးယိုမှုများရောဂါဖြစ်သည်ဟု အဆိုပါ ကြေညာချက်တွင် ဖော်ပြထားသည်။ အချိန်မီမကုသပါက သေဆုံးနှုန်းသည် ၈၀ မှ ၉၀ ရာခိုင်နှုန်းအထိ မြင့်နိုင်သည်ဟု ဆက်လက်ဖော်ပြထားသည်။



ဆင်ဟွာ

နိုင်ငံအတွင်း ဝင်ရောက်လာသော ဒရုန်းသုံးစင်းကို ဆော်ဒီအာရေဗျ ကြားဖြတ်ပစ်ချ

ရီယာဒ် မေ ၁၈

ဆော်ဒီအာရေဗျ ကာကွယ်ရေးဝန်ကြီးဌာနသည် အီရတ်နိုင်ငံဘက်မှ နိုင်ငံ့လေပိုင်နက်အတွင်းသို့ ဝင်ရောက်လာသော ဒရုန်းသုံးစင်းကို ကြားဖြတ်ဟန့်တားပစ်ချခဲ့ကြောင်း မေ ၁၇ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။

ကာကွယ်ရေးဝန်ကြီးဌာန၏ တရားဝင်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် တာကီအယ်မာလီကီက ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ယင်းဖြစ်ရပ်နှင့်ပတ်သက်ပြီး သင့်တော်သည့်အချိန်၊ သင့်တော်သည့်နေရာတွင် တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံ၏ အချုပ်အခြာအာဏာ၊ လုံခြုံရေး၊ နိုင်ငံသားများနှင့် အခြေခံအဆောက်အအုံများ အားကောင်းလာစေရန် နိုင်ငံ၏ ပြည်နယ် ၁၀ ခုအတွင်း လျှပ်စစ်ဓာတ်အားခွဲရုံ ၁၆ ခုကို တည်ဆောက်လျက် ရှိကြောင်း အဆိုပါရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

အမျိုးသားလျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုလုပ်ငန်းများ ပြီးစီးပါက ပေါင်းစပ်ပို့လွှတ်ပေးမည့် ပမာဏ မဂ္ဂါဝပ် ၁၈၀၀ ကို ပေးနိုင်မည်ဖြစ်ပြီး လုပ်ငန်းပြီးစီးပါက သတ်မှတ်ထားသည့်ပြည်နယ်များ တစ်ဝန်း အိမ်ထောင်စုတစ်သန်းနှင့် စက်မှုလုပ်ငန်း ၁၁၀၀ ခန့်ကို လုံလောက်သည့် လျှပ်စစ်ဓာတ်အားများပေးပို့နိုင်ရန် ခန့်မှန်းထားကြောင်း သိရသည်။

အာဖဂန်နစ္စတန် နိုင်ငံသည် အိမ်နီးချင်းနိုင်ငံတို့မှ လျှပ်စစ်ဓာတ်အားတင်သွင်းမှု အပေါ် အဓိကမှီခိုနေရပြီး နှစ်ပေါင်းများစွာအတွင်း လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုနှင့် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

ဆင်ဟွာ

■

အာဖဂန်နစ္စတန်နိုင်ငံ၌ လျှပ်စစ်ဓာတ်အားခွဲရုံ ၁၆ ခုကို တည်ဆောက်လျက်ရှိ

ကဘူလ် မေ ၁၈

အာဖဂန်နစ္စတန်နိုင်ငံ၏ လျှပ်စစ်ဓာတ်အား အခြေခံအဆောက်အအုံများ အားကောင်းလာစေရန် နိုင်ငံ၏ ပြည်နယ် ၁၀ ခုအတွင်း လျှပ်စစ်ဓာတ်အားခွဲရုံ ၁၆ ခုကို တည်ဆောက်လျက် ရှိကြောင်း စီးပွားရေးဆိုင်ရာ ဒုတိယဝန်ကြီးချုပ်ရုံးက မေ ၁၈ ရက်တွင် ကြေညာသည်။

အာဖဂန်နီ ၈ ဒသမ ၁၅ ဘီလီယံ (အမေရိကန်ဒေါ်လာ သန်း ၁၃၀ ကျော်) တန်ဖိုးရှိ အာဖဂန်အစိုးရ၏ ပြည်တွင်း ဘဏ္ဍာရေးဖြင့် အဆိုပါဓာတ်အား ခွဲရုံများကို ကဘူလ်၊ ကန်ဒါဟာ၊ လိုဂါ၊ ဘက်ဟ်လန်၊ ခွန်ဒပ်ဇ်၊ နန်ဂါဟာ၊ ဟီရတ်၊ ဂါဇ်နီ၊ ဟယ်မန်နှင့် ဂျွှဇ်ဇျန်ပြည်နယ်တို့တွင် တည်ဆောက်လျက် ရှိကြောင်း အဆိုပါရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

ပါကစ္စတန်နိုင်ငံ၌ ကလေး ၁၉ သန်းကို ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

အစ္စလာမ္မာဘတ် မေ ၁၈

ပါကစ္စတန်နိုင်ငံ၌ အသက် ငါးနှစ်အောက် ကလေး ၁၉ သန်း ခန့်ကို ကာကွယ်ဆေးတိုက် ကျွေးရန် ရည်ရွယ်၍ ခရိုင် ၇၉ ခု တွင် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးရေးလှုပ်ရှားမှုကို မေ ၁၈ ရက်တွင် စတင်ခဲ့ကြောင်း သိရသည်။

ပိုလီယိုပပျောက်ရေး အမျိုး သား အရေးပေါ်ခွဲစိတ်ကုသခြင်း စင်တာက မေ ၁၈ ရက်မှ ၂၄ ရက် အထိ လုပ်ဆောင်မည့် ရက်သတ္တ တစ်ပတ်ကြာ လှုပ်ရှားမှုကို သတ်မှတ်ထားသည့် ဒေသများ အတွင်း အိမ်တိုင်ရာရောက် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးရန် ဝန်ထမ်း ၁၆၀၀၀၀ ကျော်နှင့် အတူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးတိုက် ကျွေးရေး လှုပ်ရှားမှုမှာ နိုင်ငံ အတွင်း ဗိုင်းရပ်စ်ပပျောက်ရေး ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်း အဖြစ် မြို့တော်အစ္စလာမ္မာဘတ် အပြင် ပြည်နယ်လေးခုတို့တွင် ကလေးများကို ကာကွယ်ဆေး တိုက်ကျွေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ



တရုတ်နှင့် မွန်ဂိုလီးယားတို့ ဒုတိယအကြိမ်မြောက် ပူးတွဲစစ်ရေးလေ့ကျင့်မည်

ပေကျင်း မေ ၁၈

တရုတ်နှင့် မွန်ဂိုလီးယားနိုင်ငံတို့သည် Steppe Partner 2026 ဟု အမည်ပေးထားသော ပူးတွဲစစ်ရေးလေ့ကျင့်မှုကို မေလနှောင်းပိုင်းမှ ဇွန်လအစောပိုင်းအထိ တရုတ်နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယားတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက မေ ၁၈ ရက်တွင် ပြောသည်။

ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကျန်ပင်းက သတင်းစာရှင်းလင်းပွဲတွင် အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် တရားမဝင် လက်နက်ကိုင်အဖွဲ့များကို ပူးတွဲနှိမ်နင်းတိုက်ခိုက်မှုအပေါ် အလေးထားလုပ်ဆောင်မည့် စစ်ရေးလေ့ကျင့်မှု ဖြစ်ကြောင်း ပြောသည်။

ယခုပူးတွဲစစ်ရေးလေ့ကျင့်မှုမှာ ဒုတိယအကြိမ် မြောက်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်ယုံကြည်မှုကို ဆက်လက်နက်ရှိုင်းစေရန်၊ လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများကို ဖြှင့်တင်ရန်၊ ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို ပူးပေါင်းထိန်းသိမ်းစောင့်ရှောက်နိုင်မည့် နှစ်နိုင်ငံစလုံး၏ စွမ်းဆောင်ရည်များကို အားကောင်းလာစေရန် ရည်ရွယ်ခြင်း ဖြစ်ကြောင်း ကျန်ပင်းက ပြောသည်။

ဆင်ဟွာ



၂၀၂၆ ခုနှစ် မေလအတွင်း (၁-၅-၂၀၂၆ ရက်နေ့မှ ၁၅-၅-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS)-Haz-Scanner၊ Air Quality Monitoring Station (AQM-65)၊ Scentroid(SL-50 Scential)၊ Aeroqual (Series-500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer- 1941150)၊ (Gas Analyzer-1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 (PM_{10})၊ Sulphur Dioxide (SO_2) ၊ Nitrogen Dioxide (NO_2)၊ Ozone (O_3)နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

စဉ်	ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ	တိုင်းတာသည့် Parameter များ					
		၂.၅ မိုက်ခရွန်အရွယ် ရှိသော အမှုန်အမွှားများ	၁၀ မိုက်ခရွန်အရွယ် ရှိသော အမှုန်အမွှားများ	ဆာလဖာဒိုင်အောက်ဆိုဒ်	နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်	အိုဇုန်း	ကာဗွန်မိုနောက်ဆိုဒ်
၁	နေပြည်တော်						
	၁ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်	ကောင်းမွန်	–	ကောင်းမွန်	–	ကောင်းမွန်	
	၂ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်	ကောင်းမွန်					
၂	ရန်ကုန်တိုင်းဒေသကြီး						
	၁ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
	၂ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
	၃ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၃	မန္တလေးတိုင်းဒေသကြီး						
	၁ အမရပူရမြို့နယ်၊ မန္တလေးမြို့	ကောင်းမွန်					
	၂ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၃ ညောင်ဦးမြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၄ ကျောက်ဆည်မြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၅ မိတ္ထီလာမြို့	ကောင်းမွန်					
၄	စစ်ကိုင်းတိုင်းဒေသကြီး						
	၁ မုံရွာမြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၂ စစ်ကိုင်းမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၅	တနင်္သာရီတိုင်းဒေသကြီး						
	၁ ထားဝယ်မြို့	–	–	ကောင်းမွန်	–		
	၂ ကော့သောင်းမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၆	ပဲခူးတိုင်းဒေသကြီး						
	၁ ပဲခူးမြို့	ကောင်းမွန်		လက်ခံနိုင်သော	ကောင်းမွန်		
၇	မကွေးတိုင်းဒေသကြီး						
	၁ မကွေးမြို့	လက်ခံနိုင်သော	ကောင်းမွန်	–	ကောင်းမွန်		
	၂ သရက်မြို့	–	ကောင်းမွန်	–	ကောင်းမွန်	–	ကောင်းမွန်
၈	ရေဝေတီတိုင်းဒေသကြီး						
	၁ ပုသိမ်မြို့	–	–	ကောင်းမွန်			
	၂ ဖျာပုံမြို့	ကောင်းမွန်					
၉	ကရင်ပြည်နယ်						
	၁ ဘားအံမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၁၀	မွန်ပြည်နယ်						
	၁ မော်လမြိုင်မြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၂ သထုံမြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၃ ချောင်းဆုံမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၁၁	ရှမ်းပြည်နယ်						
	၁ တောင်ကြီးမြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၂ ကျိုင်းတုံမြို့	လက်ခံနိုင်သော	–	–	–	–	–
	၃ တာချီလိတ်မြို့	လက်ခံနိုင်သော	–	–	–	–	–
	၄ မိုင်းဆတ်မြို့	–	ကောင်းမွန်	–	ကောင်းမွန်	–	ကောင်းမွန်

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

0–50	လေထုအရည်အသွေးကောင်းမွန်သောအဆင့်
51–100	လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့်
101–150	ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
151–200	ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
201–300	ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့်
301–500	ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့်

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွှင့်မှု စက်ရုံများမှထုတ်လွှတ်အိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် မေ ၁၈

ယနေ့ နံနက် ၈ နာရီ ၃၅ မိနစ် ၂၆ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ၂၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကျောက်တန်းမြို့နယ်၏ တောင်ဘက် (၉) မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၆ ဒသမ ၅၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၃၄ ဒီဂရီ၊ အနက် ၄၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၅ ဒသမ ၂ (M) အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/၈လ

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

❑ **နိုင်ငံဝန်ထမ်း များအား မည်သည့် နည်းလမ်း ဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်း များ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့် အညီ အရေးယူခံရနိုင်ပါသည်။**

ရော်ဘာစိုက်ပျိုးရေးလုပ်ကိုင်သူများအတွက် မိုးဦးကာလလုပ်ဆောင်ရန်အချက်များ

ဒေါက်တာခိုင်နှင်းစိုး



နှစ်နှစ်သား ရော်ဘာထိန်းသိမ်းစိုက်ခင်း။

◆ ကိုယ့်ကိုင်းဟွားခင်းရဲ့ အပင်ရှင်သန်မှုအခြေအနေကို ပုံမှန်စစ်တမ်းကောက်ပြီး ပြန်လည်ဖာထေးခြင်းလုပ်ငန်းအတွက် လိုအပ်သည်များကို ယခုကတည်းက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုသလို ကိုင်းဟွားခင်း အပင်ပြုစုထိန်းသိမ်းခြင်း လုပ်ငန်းကိုလည်း ပုံမှန်ဆောင်ရွက်ဖို့လို

◆ မေလဟာ မုတ်သုံကာလမစတင်မီ ခြောက်သွေ့မှုအရှိန်ကောင်းဆဲကာလ ဖြစ်တာမို့ ရော်ဘာပြန်စိုက် လုပ်ငန်းဆောင်ရွက်မယ်ခြံတွေအနေနဲ့ မီးအန္တရာယ် ကင်းဝေးရေးနဲ့ ခြံလုံခြုံရေးအတွက်ပါ မီးဘေးကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ပြီး ခြံမန်နေဂျာနဲ့ တာဝန်ကျ ဝန်ထမ်းလုပ်သားတွေက စဉ်ဆက်မပြတ် စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန်လိုအပ်

သဘာဝရော်ဘာထုတ်လုပ်ရာမှာ အရေးပါတဲ့ ကုန်ကြမ်းပစ္စည်းဖြစ်တဲ့ သဘာဝရော်ဘာစေးကို အဓိကထုတ်လုပ်ရရှိတာကတော့ ကျွန်မတို့က ရွှေဖြူလို့ တင်စားခေါ်ဝေါ်နေတဲ့ ရော်ဘာပင်မှ ဖြစ်ပါတယ်။ ရော်ဘာရဲ့ မူရင်းပေါက်ရောက်ရာ ဒေသကတော့ ဘရာဇီးနိုင်ငံ အမေဇုန်မြစ်ဝှမ်း ဒေသဖြစ်ပေမယ့် ယခုအခါမှာတော့ မြန်မာနိုင်ငံ အပါအဝင် အရှေ့တောင်အာရှနိုင်ငံတွေမှာ စီးပွား ဖြစ် စိုက်ပျိုးလာကြပြီး အဲဒီနိုင်ငံတွေရဲ့ထုတ်လုပ်မှုဟာ တစ်ကမ္ဘာလုံးထုတ်လုပ်မှုရဲ့ ၉၀ ရာခိုင်နှုန်း ကျော် ရှိနေတာ တွေ့ရပါတယ်။

ဈေးကွက်ဝင်သီးနှံဖြစ်တာမို့ မြန်မာနိုင်ငံမှာ လည်း ရော်ဘာကို နှစ်စဉ်တိုးခဲ့၊ စိုက်ပျိုးလာခဲ့ရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်မှာ ရော်ဘာစိုက်ဧက ၁ ဒသမ ၆၄ သန်း အထိ ရှိနေပြီဖြစ်ပါတယ်။ ဒီလို စိုက်ပျိုးရာမှာ နှစ်ရှည်သီးနှံဌာနခွဲအနေနဲ့သာမက ပုဂ္ဂလိကကဏ္ဍတွေအနေနဲ့လည်း ပါဝင်စိုက်ပျိုး လာကြတာဖြစ်ပါတယ်။ ဒါကြောင့် ရော်ဘာစိုက်ပျိုး သူတွေအနေနဲ့ အချိန်ကာလအလိုက်၊ ရာသီဥတုနဲ့ ရောဂါကျရောက်မှုအခြေအနေတွေကို သတိပြုပြီး မိမိတို့ခြံတွေရဲ့ လုပ်ဆောင်ချက်တွေကို ဆောင် ရွက်ကြမယ်ဆိုရင် ကြီးထွားမှုကောင်း၊ အထွက်နှုန်း ကောင်းတဲ့အပင်တွေကို ပိုင်ဆိုင်နိုင်မှာ ဖြစ်ပါ တယ်။

ပထမဆုံးဆွေးနွေးချင်တာကတော့ မျိုးမှန်မှ အပင်သန်ဆိုတာလို ကြီးထွားမှုကောင်း၊ အထွက် နှုန်းကောင်းပြီး ရောဂါဒဏ်ခံနိုင်ရည်ရှိတဲ့၊ ဒေသ အလိုက်သင့်တော်တဲ့ ရော်ဘာမျိုးတွေကို စိုက်ပျိုး နိုင်ဖို့က မျိုးမှန်ကန်မှုရှိတဲ့ ရော်ဘာကိုင်းဟွားခင်း လုပ်ငန်းကလည်း အရေးပါတဲ့အခန်းမှ ပါဝင်ပါ တယ်။

ရော်ဘာကိုင်းဟွားခင်းလုပ်ငန်းမှာဆိုရင် ကိုယ့် ကိုင်းဟွားခင်းရဲ့ အပင်ရှင်သန်မှုအခြေအနေကို ပုံမှန် စစ်တမ်းကောက်ပြီး ပြန်လည်ဖာထေးခြင်းလုပ်ငန်း အတွက် လိုအပ်သည်များကို ယခုကတည်းက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုသလို ကိုင်း ဟွားခင်းအပင်ပြုစုထိန်းသိမ်းခြင်း လုပ်ငန်းကိုလည်း ပုံမှန်ဆောင်ရွက်ဖို့လိုပါတယ်။

ဒါ့အပြင် လာမည့်နှစ်မှာပြုလုပ်မယ့် ရော်ဘာ ပျိုးခင်းလုပ်ငန်းအတွက် မျိုးကိုင်းအလုံအလောက် ရရှိရန် စီမံဆောင်ရွက်ထားသင့်ပါတယ်။

နောက်ထပ် ဆွေးနွေးချင်တာကတော့ ရော်ဘာ ပျိုးခင်းလုပ်ငန်းပါ။ ဒီလုပ်ငန်းကတော့ ရော်ဘာ စိုက်ပျိုးရေးလုပ်ငန်းရဲ့ အခြေခံအကျဆုံးလည်း ဖြစ်ပါတယ်။ ကောင်းမွန်တဲ့ရော်ဘာပျိုးခင်းက ထွက်ရှိလာတဲ့ ပျိုးပင်လေးတွေကသာ အောင်မြင် တဲ့ ရော်ဘာစိုက်ခင်းကို ရရှိစေမှာပါ။ ဒါကြောင့် မေလထဲမှာဆိုရင် ကိုယ့်ပျိုးခင်းထဲမှာရှိတဲ့ ရွှေပြောင်း စိုက်ပျိုးဖို့ကျန်နေတဲ့ အဖူးကူးအောင်ပင်တွေကို Litosin (or) Atonic ဆေးဖျော်ရည်ထဲတွင် အဖူး ငုတ်ကို နာရီဝက်စိမ်ရှဲ့ ရာသီဥတုမူမမှီ နံနက် စောစောနှင့် ညနေပိုင်းများတွင် စနစ်တကျ ရွှေပြောင်းစိုက်ရန်၊ ရွှေပြောင်းစိုက်ပြီး အဖူးကူးပင် များကို လိုင်းတန်းကြား အိတ်အတွင်း ပေါင်းရှင်း ခြင်းကို ၁၅ ရက်တစ်ကြိမ် ဆောင်ရွက်ရန်၊ ရေဝ အောင်လောင်းပေးရန်၊ အစိုဓာတ်ထိန်းရန်၊ ဘေးတကဲ့ဖွဲ့ခြင်း ပုံမှန်ဆောင်ရွက်ရန်၊ တစ်ဖုံရင့် အဖူးကူးအောင်ပင်များအား ရွက်ဖျန်းမြေဩဇာ ဖျန်းပေးခြင်း၊ N:P:K:Mg ၁၅:၁၅:၆:၄ မြေဩဇာ အရောကို တစ်ပင်လျှင် တစ်အောင်စနှုန်းကျွေးရန်၊ အရိပ်စင်ကို ရွက်ဖုံတစ်ဖုံရင့်ချိန်၌ ၃၀ ရာခိုင်နှုန်း၊ ရွက်ဖုံနှစ်ဖုံရင့်ချိန်၌ ၅၀ ရာခိုင်နှုန်း စသည်ဖြင့် အရိပ်ကို တစ်ဖြည်းဖြည်းလျှော့ချရန်၊ ဝိုးမွားရောဂါ ကျရောက်မှုအခြေအနေ မျက်ခြည်မပြတ်စစ်ဆေး ၍ ကျရောက်သည်ကို တွေ့ရှိပါက ကာကွယ်ရန် လိုအပ်ပါမယ်။

ဖာဒွမ္ဘိရောဂါ – ဆာလဖာ (ကန်မှုန့်) တစ်ဧက လျှင် ၁၀ ပေါင်နှုန်း အပတ်စဉ် ပက်ဖျန်းကာကွယ် ရန်၊ Carbendazin 60 % WP တစ်ဧကလျှင် ၁၂၀ ml နှုန်း ပက်ဖျန်းပေးရန်၊ ငှက်မျက်စိကွက်ရောဂါ– Ridomil 60 Wp (or) Antracol 75 Wp နှစ်ဂရမ်ကို ရေတစ်လီတာတွင် ရောစပ်၍ နှစ်ပတ်တစ်ကြိမ် ပက်ဖျန်းကာကွယ်ရန်၊ မြေဩဇာကို အချိုးညီညီ ရောစပ်အသုံးပြုရန် ဖြစ်ပါတယ်။

ရော်ဘာပြန်စိုက်လုပ်ငန်းလုပ်ကိုင်မယ့်တောင်သူ တွေအတွက်ကတော့ တကယ်ကို အလုပ်များတဲ့လ ဖြစ်ပါတယ်။ စီးပွားရေးသက်တမ်းကုန်ဆုံးပြီး ပြန်စိုက်လုပ်ငန်းဆောင်ရွက်မည့် ခြံများအတွက် ရော်ဘာအကြိုနှစ်လုပ်ငန်းအနေနဲ့ စိုက်ချိန်မှာ အဆင့်မီတဲ့ (၂) ဖုံရင့် ရော်ဘာပျိုးပင် အလုံအလောက် ရရှိရေး ကြိုတင်စီမံထားရန်၊ လုပ်ငန်းဆောင်ရွက်မှု စီမံချက်ဇယားတွေဆွဲပြီးပင်အိုခုတ်ခြင်း၊ တောကြမ်း ခုတ်ခြင်း၊ မီးရှို့ကျွန်းကောက်ခြင်း၊ ငုတ်ထုတ်ခြင်း၊ ခြံကာရံခြင်းလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း ပြီးစီးရန် ဆောင်ရွက်သင့်ပါတယ်။

မေလဟာ မုတ်သုံကာလမစတင်မီ ခြောက်သွေ့ မှုအရှိန်ကောင်းဆဲကာလဖြစ်တာမို့ ရော်ဘာပြန်စိုက် လုပ်ငန်းဆောင်ရွက်မယ့်ခြံတွေအနေနဲ့ မီးအန္တရာယ် ကင်းဝေးရေးနဲ့ ခြံလုံခြုံရေးအတွက်ပါ မီးဘေး ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်ပြီး ခြံမန်နေဂျာနဲ့ တာဝန်ကျ ဝန်ထမ်း လုပ်သားတွေက စဉ်ဆက်မပြတ် စစ်ဆေးကြပ်မတ် ဆောင်ရွက်ရန်၊ အပင်ရှင်သန်မှု အခြေအနေစစ်တမ်း ကို ကောက်ယူရန်၊ ပြန်လည်ဖာထေးရန် လိုအပ် သည့်ဓိုက်ကွက်များကို စိုက်ချိန်အဓိပြီးစီးအောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို ယခု ကတည်းက ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါ တယ်။

ရော်ဘာထိန်းသိမ်းခြံ လုပ်ငန်းတွေအနေနဲ့ ရော်ဘာပင်ဟာ နှစ်ရှည်သီးနှံပင်ဖြစ်ပြီး ရော်ဘာ စေးကို အပင်သက်တမ်းခုနစ်နှစ်မှစပြီး စီးပွားဖြစ် ထုတ်ယူရရှိနိုင်ပါတယ်။ ရော်ဘာစေး မထုတ်ယူမီ ကာလမှာတော့ ပြန်စိုက်ခြံကဲ့သို့ မီးကာကွယ်ရေး ကို အထူးအလေးထားဆောင်ရွက်ရန်၊ ဒုတိယနှစ်၊ တတိယနှစ် စိုက်ခင်းတွေရဲ့ အပင်ရှင်သန်မှုကို စစ်တမ်းကောက်၍ သေပင်များ ပြန်လည်ဖာထေး ရန်၊ လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထုဆောင်းထား ရန်၊ ခြံပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ပြီး အစေးခြစ်မှုမည့် ကာလရောက်သည့် အခါတွင် တစ်ဧကဝင်ဆုံဦးရေ ပြည့်မီရေး၊ အစေး ခြစ်နိုင်ရေး ကြိုးပမ်း၍ အဆင့်မီထိန်းသိမ်းခြံဖြစ်ဖို့ ကြပ်မတ်ဆောင်ရွက်ကြရန် ဖြစ်ပါတယ်။

နောက်ဆုံးအချက်ဖြစ်တဲ့ရော်ဘာထုတ်လုပ်ရေး လုပ်ငန်းကတော့ ရော်ဘာစိုက်ပျိုးရေးရဲ့အဓိက အရေးအကြီးဆုံးလုပ်ငန်းပါပဲ။ မေလဟာ မိုးရာသီ မစတင်မီ ထုတ်လုပ်ရေးကာလ နောက်ဆုံးလ ဖြစ်ပါ တယ်။ ဒါကြောင့် ရနိုင်သည့်အထွက်များ အလေ အလွင့်မရှိ အပြည့်အဝစုသိမ်းရရှိရေး အစွမ်းကုန် အားစိုက်ကြိုးပမ်းဆောင်ရွက်ရန်၊ ရော်ဘာအဆင့် အတန်းအလိုက် သတ်မှတ်ရာနှုန်းရရှိအောင် ဆောင်ရွက်ရန်၊ ပြန်စိုက်၊ ထိန်းသိမ်းခြံများကဲ့သို့ မီးကာကွယ်ရေး အထူးဂရုပြုစစ်ဆေးကြပ်မတ် ဆောင်ရွက်သင့်ပါတယ်ဆိုတာ ဆွေးနွေးလိုက်ရပါ တယ်။ ။

ထန်ပါခွေမြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ထန်ပါခွေ မေ ၁၈

ထန်ပါခွေမြို့ အခြေခံပညာ စစ်ကိုင်းတိုင်းဒေသကြီး နာဂ အထက်တန်းကျောင်း၌ ယနေ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ နံနက် ၈ နာရီက နယ်မြေခံတပ်မှ



အရာရှိစစ်သည်များ၊ မြို့အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ် ရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူ များနှင့် ဝန်ထမ်းများ၊ ရပ်မိရပ်ဖ များနှင့် လူငယ်အဖွဲ့တို့ ပူးပေါင်း ၍ အခြေခံပညာအထက်တန်း ကျောင်းဝင်းအတွင်း၊ အပြင်ရှိ အမှိုက်သရိုက်များ၊ ပေါင်းပင် များနှင့် သစ်ပင်ချုံနွယ်များ ရှင်းလင်းခြင်းတို့ကို စုပေါင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

ထန်ပါခွေ(ပြန်/ဆက်)

ထားဝယ်မြို့၌ မိုးစပါးမျိုးစေ့ထုတ်လုပ်ခြင်းနည်းပညာပေး သင်တန်းဖွင့်

ထားဝယ် မေ ၁၈

ရက်(၁၀၀)စီမံချက်ဖြင့် တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်မျိုးစေ့ ဌာနခွဲက ယနေ့နံနက်ပိုင်းတွင် မိုးစပါးမျိုးစေ့ ထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်းကို ဖွင့်လှစ် ရာ ခရိုင်မျိုးစေ့တာဝန်ခံ ဦးမျိုး နောင်နောင်ဦးက မျိုးစေ့ထုတ်လုပ် ခြင်းဖြင့် ရရှိနိုင်မည့် အကျိုး ကျေးဇူးများ၊ မျိုးစေ့ထုတ်လုပ်



ခြင်းဆိုင်ရာ လိုက်နာရမည့် လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေး ပြောကြားပြီး တက်ရောက်လာ သော တောင်သူများနှင့် မေးမြန်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

ရက်(၁၀၀)စီမံချက်ဖြင့် ပျားမွေးမြူရေးပြည်သူ့ပညာပေးသင်တန်းဖွင့်လှစ်

လှပွတ္တာ မေ ၁၈

ဧရာဝတီတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူး



ဖွင့်လှစ်သည့် ပျားမွေးမြူရေးပြည်သူ့ပညာပေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လူငယ်အားမာန်သင်တန်းကျောင်း၌ ပြုလုပ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးလွင်ကိုဦး က အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဆီထွက်သီးနှံနေကြာ အောင်မြင်ဖြစ်ထွန်းနိုင်ရန်အတွက် ဝတ်မှုန်ကူး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် ပျားမွေးမြူရေးသည် အရေးကြီး ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို လပွတ္တာခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီး ဌာနရုံး၌ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်လျက်ရှိပြီး သင်တန်းကို နှစ်ရက်ကြာဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ လုပ်ငန်းခွင် မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မေ ၁၄ ရက်က ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ တစ်အိမ်တက်ဆင်း စစ်ဆေးစဉ်။ မောင်မောင်(မင်းဘူး)

ပွင့်ဖြူမြို့၌ စုပေါင်းစျေးရောင်းပွဲတော် ကျင်းပလျက်ရှိရာ အပန်းဖြေစျေးဝယ်လာသူများဖြင့် စည်ကား

ပွင့်ဖြူ မေ ၁၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဒေသခံပြည်သူများ စိတ်အပန်းပြေစေရန်နှင့် လူသုံးကုန်ပစ္စည်းများကို တစ်နေရာတည်း၌ အဆင်ပြေစွာ ဝယ်ယူနိုင်ရန်ရည်ရွယ်၍ မေ ၁၃ ရက်မှစပြီး ပွင့်ဖြူမြို့ အရှေ့ပိုင်းရပ်ကွက် အောင်သိဒ္ဓိကျောင်းတိုက် မြစောညီနောင် စေတီတော်မြတ်ကြီး ဝင်းအတွင်း၌ ရွှေပွဲတော်ကုမ္ပဏီမှ ကြီးမှူး၍ ဆယ့်နှစ်ပွဲစျေးသည်များ စုပေါင်းစျေးရောင်းပွဲတော် ဆင်နွှဲ



ကျင်းပလျက်ရှိရာ လာရောက် စိတ်အပန်းဖြေစျေးဝယ်ကြသူများ ဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ ဆယ့်နှစ်ပွဲစျေးသည်များ စုပေါင်းစျေးရောင်းပွဲတော်ကို မေ ၁၃ ရက်မှ ၂၀ ရက်အထိ ရှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး လူသုံးကုန်ပစ္စည်းမျိုးစုံ၊ အိမ်အသုံးအဆောင်ပစ္စည်းမျိုးစုံနှင့် စားသောက်ကုန်ပစ္စည်းမျိုးစုံ၊ ကလေးများအတွက် ကစားစရာပစ္စည်းမျိုးစုံ အရောင်းဆိုင်များ ပါဝင်သည့် စျေးဆိုင်ခန်းပေါင်း ၃၀ ကျော်မှ စျေးသည်များက နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ခင်းကျင်း ရောင်းချပေးလျက်ရှိကြောင်း ရွှေပွဲတော်ကုမ္ပဏီ(တာဝန်ခံ) ဦးထင်လင်းဦးထံမှ သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)



တံတားဦး(စဉ့်ကိုင်တွဲ) မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးကျော်ဇင်မြင့်ဦး မေ ၁၇ ရက်က ငါးရာပြားကျေးရွာ၌ ဒေသခံများအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း အသိပညာပေး ဟောပြောစဉ်။ မြို့နယ်(ပြန်/ဆက်)

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်

မော်လမြိုင် မေ ၁၈

မွန်ပြည်နယ် မော်လမြိုင်မြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ ဦးဆောင်၍ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ယမန်နေ့က ရွှေမြိုင်သီရိရပ်ကွက်သို့ ကွင်းဆင်းဆောင်ရွက်သည်။

ရပ်ကွက်အတွင်းရှိဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာရုံးများ၊ နေအိမ်များရှိ ခြင်များ၊ ပိုးလောက်လမ်းများ ပေါက်ပွားနိုင်သည့်နေရာများကို ကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊



မီးသတ်ဦးစီးဌာန၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)



တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့၌ မေ ၁၈ ရက်က မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဇင်ဦးချို့နှင့် တပ်ဖွဲ့ဝင်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး မီးဘေးလုံခြုံရေး စစ်ဆေးစဉ်။ တနင်္သာရီ(ပြန်/ဆက်)

ပခုက္ကူမြို့ အဝေးပြေးကားကြီးကွင်းပတ်လမ်း မြေနီခင်းခြင်းဆောင်ရွက်

ပခုက္ကူ မေ ၁၈

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အဝေးပြေးကားကြီး ကွင်းပတ်လမ်း မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပြီး ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု စစ်ဆေးကြသည်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်



ကိုယ်စားလှယ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ကော်မတီဝင်များက အဝေးပြေးကားကြီးကွင်းပတ်လမ်းမြေနီခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုပြီး လုပ်ငန်းစံချိန်စံညွှန်းအရည်အသွေးများနှင့် ကိုက်ညီကောင်းမွန်မှုရှိရေး၊ သတ်မှတ်ကာလအတွင်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)



ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ (၂၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီကာတွန်း၊ ပိုစတာ၊ကွန်ပျူတာ၊ ပန်းချီပြိုင်ပွဲကို မေ ၁၈ ရက်က ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုကိုနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်လွင်တို့ ကြည့်ရှုအားပေးစဉ်။ ဇေယျာ(ပြန်/ဆက်)

မိုင်းယောင်းမြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်ပွဲကျင်းပ

မိုင်းယောင်း မေ ၁၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ်



(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရက် (၁၀၀) စီမံချက်ဖြင့် အသက်မွေးဝမ်းကျောင်းအထောက် အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ဟောင်ကြန့်ကျေးရွာခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝေမောင်တို့က အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းစိုးစိုးက ရက် (၁၀၀) စီမံချက်ဖြင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသူ ၂၀ တက်ရောက်ပြီး စာတွေ့ လက်တွေ့ဘာသာရပ်များကို ၄၅ ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ် ကြောင်း သိရသည်။

ဝေဝေခိုင်(ပြန်/ဆက်)

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအားမသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ရန်ကုန်တိုင်းဒေသကြီးစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့၏ ၂၀၂၅/၂၀၂၆ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ



နေပြည်တော် မေ ၁၈

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့၏ ၂၀၂၅/၂၀၂၆ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး အား ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ အနေဝါရထားခန်းမ၌ပြုလုပ်ရာ တိုင်းမှူးဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့မှ တာဝန်ရှိသူများနှင့် ရန်ကုန်တိုင်းဒေသကြီးစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ချီးမြှင့်ငွေနှင့်ဆန်အိတ်များ ပေးအပ်

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နာယက တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့သို့ ချီးမြှင့်ငွေနှင့် ဆန်အိတ်များပေးအပ်ရာ ၎င်းတို့ကိုယ်စား ရန်ကုန်တိုင်းဒေသကြီး (စည်ပင်အတွင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းဒေသကြီး(စည်ပင်ပြင်ပ) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က လက်ခံရယူသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး တိုင်းမှူးက ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အမရပူရမြို့နယ်၌ သမဝါယမကန်ထရိုက်လယ်ယာစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး တောင်သူများနှင့်တွေ့ဆုံ



မန္တလေး မေ ၁၈

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တမုတ်ဆိုးကျေးရွာအုပ်စုကျိုကျေးရွာ သမဝါယမအသင်းသား တောင်သူများအား သမဝါယမ ကန်ထရိုက်လယ်ယာစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အသင်းသားတောင်သူများနှင့် တွေ့ဆုံပွဲကို ယမန်နေ့က ကျိုကျေးရွာ သမဝါယမအသင်းစုဝိုင်း ပြုလုပ်သည်။

ဦးစွာ တိုင်းဒေသကြီး ဦးစီးမှူး ဦးထွန်းဇော်ဦးက လက်ရှိဆောင်ရွက်နေသောလုပ်ငန်းစဉ်များနှင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက ကျိုကျေးရွာ စိုက်ပျိုးရေးနှင့် အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ အသင်းသားတောင်သူများနှင့် တွေ့ဆုံပြီး ယခုလာမည့် မိုးစပါးရာသီတွင် သမဝါယမအသင်းသား တောင်သူ ၃၉ ဦး ပိုင်ဆိုင်သော လယ်မြေ ဧက ၁၅၀ အား စနစ်တကျစိုက်ပျိုးရေး၊ သမဝါယမကန်ထရိုက်လယ်ယာစနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားရာ တောင်သူများက သိရှိလိုသည်များ မေးမြန်းခဲ့ကြောင်း သိရသည်။

စိုးသီဟ(အမရ)



ပုလောမြို့နယ်၌ မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေစတင်ထုတ်ချေး

ပုလော မေ ၁၈

တနင်္သာရီတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပုလောဘဏ်ခွဲ၌ ရက်(၁၀၀) စီမံချက်ဖြင့် မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေ စတင်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းနှင့် မြို့နယ်မန်နေဂျာ ဒေါ်ကြူကြူအေးတို့က မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရခြင်း ရည်ရွယ်ချက်ကို ဆွေးနွေးပြောကြားသည်။

ပုလောမြို့နယ်၌ နိုင်ငံတော်အစိုးရ၏ ရက်ပေါင်း (၁၀၀)ကာလအတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ၂၀၂၆ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူ ၁၅၉ ဦးအား တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှုန်း၊ မြေပဲ၊ နှမ်းအစရှိသည့် အခြားသီးနှံစိုက်ကေ တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းငါးသောင်းနှုန်းဖြင့် ကျေးရွာအုပ်စုများမှ ဘဏ်အဖွဲ့ဝင် တောင်သူများအား ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

ကျော်ဇေယျဝင်း(ကံမ)



လွိုင်လင်ခရိုင်မီးသတ်ဦးစီးဌာန ခရိုင်အဆင့်ရာဖွေကယ်ဆယ်ရေး (မွမံမံ) သင်တန်း အမှတ်စဉ်(၂/၂၀၂၆)သင်တန်းဖွင့်ပွဲကို လွိုင်လင်မြို့၌ မေ ၁၈ ရက်က ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကြည်မြင့် အမှာစကားပြောကြားစဉ်။ လွိုင်လင်မိုး

ကံမမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေး



ကံမ မေ ၁၈

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အတွင်းရှိ ဘဏ်အဖွဲ့ဝင် တောင်သူများအား ထုတ်ချေးပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက သက္ကယ်မြောင်ကျေးရွာအုပ်စုမှ တောင်သူ ၁၄၇ ဦး တို့၏ မိုးစပါး စိုက်ဧက ၄၉၃ ဧက အတွက် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၁၄၇၉ သိန်းအား ထုတ်ချေးပေးသည်။

ကံမမြို့နယ်၌ ငွေကျပ် သိန်းပေါင်း ငါးသောင်းငါးရာအား ထုတ်ချေးပေးရန် လျာထားပြီး မိုးစပါး စိုက်ပျိုးမြေ တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှုန်း၊ မြေပဲ၊ နှမ်းအစရှိသည့် အခြားသီးနှံစိုက်ကေ တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းငါးသောင်းနှုန်းဖြင့် ကျေးရွာအုပ်စုများမှ ဘဏ်အဖွဲ့ဝင် တောင်သူများအား ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

ကျော်ဇေယျဝင်း(ကံမ)

တွံတေးမြို့နယ်၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော



တွံတေး မေ ၁၈

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ရက် (၁၀၀) စီမံချက်ဖြင့် မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်း ကရွေဆံတော်ရပ်ကွက်တိလောက ဓမ္မာရုံ၌ ကျင်းပရာ တွံတေးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးဦးက မှုခင်းများ လျော့နည်းကျဆင်းစေရေး အသိပညာပေး ဟောပြောပြီး တက်ရောက်လာသည့် ရပ်ကွက်ပြည်သူ ၁၅၀ ခန့်အား မှုခင်းကြိုတင်ကာကွယ်ရေးနှင့် မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

(၁၈-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၅.၁ ~ ၃၆၆၈	၅၅၈ ~ ၅၅၈.၇	၁၂၅.၅ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၉,၂၆၅,၃၇၀.၄၈	၁၄,၉၉၅,၅၀၈.၀၉	၄၇,၂၀၉,၁၉၉.၀၉	
ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ				

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ တိရစ္ဆာန်အစာ၊ စားသုံးကုန်စည်တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်း ဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၄ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၃ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပန်ကာများကို ဆက်တိုက် ဖွင့်ထားခြင်းက မီတာခပိုကျစေပါ၍ အသုံးလိုမှ ဖွင့်ပါ။
- ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်။
- အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများအတွက်
ကျောင်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစ၍ အခြေခံပညာအထက်တန်းဆင့် Grade-10၊ Grade-11 နှင့် Grade-12 အတန်းပညာများကို သင်ကြားလေ့ကျင့်ပေးမည့် အမှတ်(၁)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(ရဲမွန်)၊ အမှတ်(၂)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(နေပြည်တော်)တို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကျောင်းသားသစ်များအဖြစ် လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) Grade-10 သင်တန်းအတွက် Grade-9 အောင်မြင်ပြီး အသက် ၁၇ နှစ်ထက်မကြီးသူ၊ Grade-11 သင်တန်းအတွက် Grade-10 အောင်မြင်ပြီး အသက် ၁၈ နှစ် ထက်မကြီးသူ၊ Grade-12 သင်တန်းအတွက် Grade-11 အောင်မြင်ပြီး အသက် ၁၉ နှစ်ထက်မကြီးသူ ဖြစ်ရမည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူအမျိုးသား(လူပျို)ဖြစ်ရမည်။

(ဂ) တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူ၊ သို့မဟုတ် ပြစ်ဒဏ်စီရင်ခြင်းခံရဖူးသူ မဖြစ်စေရ။

(ဃ) စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းအောင်မြင်ရမည်။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၅-၂၀၂၆ ရက်နေ့မှ ၂၀-၅-၂၀၂၆ ရက်နေ့အတွင်း လျှောက်ထားသူကာယကံရှင်ကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များသို့ လျှောက်ထားရမည်-

(က) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ ၃ ပုံ။

(ခ) နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

(ဂ) မိဘ/အုပ်ထိန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

(ဃ) အိမ်ထောင်စုဝင်လူဦးရေစာရင်း(ပုံစံ-၆၆/၆)(မိတ္တူ)။

(င) ကျောင်းထွက်လက်မှတ်(မိတ္တူ)။

(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ သို့မဟုတ် မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံး၏ ထောက်ခံစာမူရင်း။

(ဆ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ကျောင်းသားသစ်အဖြစ်လျှောက်ထားသူအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းကြီးကြပ်ရေးနှင့် ကျောင်းသားစိစစ်ရေးရွေးချယ်ရေးအဖွဲ့က ပဏာမရွေးချယ်ရန် အကြောင်းကြားလာပါက အဝိဒ်(၂)ပါစာရွက် စာတမ်းများ **မူရင်းနှင့် မိတ္တူ(၃)စောင်စီ**ယူဆောင်၍ ၂၂-၅-၂၀၂၆ ရက်အရောက် မိဘ/အုပ်ထိန်းသူနှင့်အတူ သတင်းပို့ရမည်။ ရွေးချယ်ခံ ရသူများအား ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို ကျောင်းသားအဖြစ် အတည်ပြုရွေးချယ် သွားမည်။

၄။ တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဝါးကုသမှု၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့် အခြားသင်ထောက်ကူပစ္စည်းများ၊ အခြေခံပစ္စည်းများ အခမဲ့ရရှိမည့်အပြင် ပညာသင်ကြားနေစဉ်ကာလအတွင်း လစာအဖြစ် တစ်လလျှင် Grade-10 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၃၀ ရာခိုင်နှုန်း (၄၃၂၀၀/- ကျပ်)၊ Grade-11 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၄၀ ရာခိုင်နှုန်း(၅၇၆၀၀/- ကျပ်)နှင့် Grade-12 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၅၀ ရာခိုင်နှုန်း(၇၂၀၀၀/-ကျပ်)တို့အား ခံစားခွင့်ရှိသည်။

၅။ ကျောင်းသားများအား အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များကို ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ နှစ်အလိုက် သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ပြီး နိုင်ငံတော်မှကျင်းပပြုလုပ်သည့်တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြရမည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ကျောင်းသားများသည် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှုရှိပါက တပ်မတော်ဆိုင်ရာတက္ကသိုလ်နှင့်သိပ္ပံများသို့ လျှောက်ထားခွင့်ရှိသည်။ တပ်မတော်ဆိုင်ရာတက္ကသိုလ်နှင့် သိပ္ပံများသို့ တက်ရောက်ရန် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီမှုမရှိပါက ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေးသင်တန်းနှင့် တပ်မတော်ဆေးဘက်ဆိုင်ရာပညာသင်ကျောင်း၌ဖွင့်လှစ်သည့် တတိယအဆင့်ဆေးလက်ထောက်သင်တန်း(အထူး)သို့ လျှောက်ထားခွင့်ရှိသည်။

၆။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ပညာရေးဌာနစု၊ ဖုန်း-၀၃၆-၃၀၅၃၁/၀၃၆-၃၀၅၆၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

ကယားပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဌာန ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ (ငွေလုံးငွေရင်း)ဖြင့် ဆောင်ရွက်မည့် ကျပ်သန်း (၃၀၀) အထက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တင်ဒါကြော်ငြာခေါ်ယူခြင်း

၁။ ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှခွင့်ပြုသည့် ကျပ်သန်း(၃၀၀) အထက် မီးလင်းရေး၊ ရေပေးရေးနှင့် လမ်းတည်ဆောက်ရေးလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများအား တင်ဒါသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါတင်သွင်းမည့်နေရာ - ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး
(ခ) လိပ်မူရမည့်ပုဂ္ဂိုလ် - ဥက္ကဋ္ဌ၊ တင်ဒါကော်မတီ
(ဂ) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - (၅-၅-၂၀၂၆) ရက်မှ (၅-၆-၂၀၂၆) ရက်အထိ (ရုံးချိန်အတွင်းသာ)
(ဃ) တင်ဒါလျှောက်လွှာ ပိတ်သိမ်းမည့်ရက် - (၅-၆-၂၀၂၆)ရက်၊ ညနေ(၁၆:၀၀)နာရီ
(င) တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ - ကယားပြည်နယ်စည်ပင်သာယာရေး အဖွဲ့ရုံး
(စ) တင်ဒါဖွင့်မည့်နေ့ရက် - ဆက်သွယ်အကြောင်းကြားပါမည်။

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးဖုန်း (၀၉-၂၆၀၄၂၈၀၉၂၊ ၀၉- ၄၂၈၀၀၄၄၈၁) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ

မွန်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွန်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ၊ ပြည်ထောင်စု/ပြည်နယ် (ငွေလုံး/ငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း/ တံတားလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊မော်လမြိုင်ခရိုင်၊ဖုန်းနံပါတ်(၀၉-၄၂၃၇၁၂၆၈၅) နှင့် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ သထုံခရိုင်၊ ဖုန်းနံပါတ် (၀၉-၄၂၈၁၉၁၆၆၁)သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင် လာရောက်၍လည်းကောင်း မေးမြန်းနိုင်ပါသည်။

၃။ (က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၈-၅-၂၀၂၆ရက်
(ခ) **(တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်နှင့် တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်)** - ၁၁ - ၆ - ၂၀၂၆ရက်
(ဂ) **လုပ်ငန်းတင်ဒါ ဖွင့်လှစ်မည့်ရက်** - ၁၂-၆-၂၀၂၆ရက်
(ဃ) **တင်ဒါလျှောက်လွှာဝယ်ယူ/ တင်သွင်း နိုင်သည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ မော်လမြိုင်ခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာန၊ လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ) ရုံး ၊ သထုံခရိုင်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန

တင်ဒါကောမတီ

အမည်ပြောင်း

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ စီသာကျေးရွာအုပ်စု၊ မံနားကျေးရွာနေ ဦးရဲလွင်ဦး ၁/ရကန(နိုင်) ၀၅၁၈၉၇- ဒေါ်တင်တင် ၁/ရကန(နိုင်) ၀၄၇၅၉၈ တို့၏ သမီး မိုးပြည့်ရတနာထွန်းအား ယနေ့မှစ၍ မယွန်းဟန်နီကို ဟု ပြောင်းလဲခေါ်ဆိုပါရန်။

တစ်ဦးတည်းဖြစ်ပါကြောင်း

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ်(၄)ရပ်ကွက်နေ (ဘ) ဦးအုန်းမြင့် ၏သမီး ဒေါ်အေးအေးဦး ၁/ရကန(နိုင်) ၀၀၅၃၅၈ (ခ)ဒေါ်အေးဦး (၆-၂-၁၉၆၅) (ပညာရေးဝန်ထမ်း) မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ မြေတိုင်း(၂၄)၊ ရန်ကုန်-မန္တလေးလမ်းရှိ မြေကွက်အမှတ်(၁၃၀၇)၊ ဧရိယာ(၀.၀၈၃)ဧက၊ မြေကွက်အမှတ်(၁၃၀၈)၊ ဧရိယာ(၀.၁၁၀)ဧက၊ မြေကွက်အမှတ်(၁၃၀၉)ဧရိယာ(၀.၀၈၃)ဧက၊ မြေကွက် အမှတ်(၁၃၁၀) ဧရိယာ(၀.၁၁၀)ဧကရှိ မြေကွက် (၄)ကွက်နှင့် ယင်းမြေကွက်များပေါ်တွင်ဆောက်လုပ်ထားသော RCနှစ်ထပ်တိုက်အိမ်(၁)လုံး၊ အုတ်ညှပ်ဂိုဒေါင်(၁)လုံး၊ အဝီစိရေတွင်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အဆိုပါ မြေကွက်အား အမည်ပေါက်လက်ရှိထားပိုင်ဆိုင်သူများထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်များနှင့် နေအိမ်၊ ဂိုဒေါင် အဆောက်အအုံများ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။ သတ်မှတ်ရက်ကျော်လွန်ပါက မှတ်ပုံတင်စာချုပ်ရေးချုပ်ခြင်းအပါအဝင် အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရာဇာနိုင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၉၄)
အမှတ် (၁၄၇၉/၄)၊ ဆိုရှယ်လစ် (၁၄) လမ်း၊ ရှင်စောပုရပ်ကွက်၊ ပဲခူးမြို့

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)၊ မန္တလေးတိုင်းဒေသကြီး (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မန္တလေးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန (ရေအရင်းအမြစ်)ရုံးတွင် (၂၀၂၆-၂၀၂၇) ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး (သာမန်/ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ ပစ္စည်း ဝယ်ယူခြင်းနှင့် လုပ်ငန်းအပ်နှံခြင်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများမှ မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံကို မန္တလေးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးရုံး (ရေအရင်းအမြစ်)၊ (၇၃) လမ်း၊ ၁၀၁ သိပ္ပံလမ်းနှင့် ၁၀၂ (A) လမ်းကြား၊ မန္တလေးမြို့တွင် ရုံး ချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူ ပေးသွင်းနိုင်ပါသည်။

စဉ်	Lot No	ပစ္စည်း/လုပ်ငန်းအမည်	ရေတွက်ပုံ	အရေအတွက်
၁။	Lot-1	မန္တလေးတိုင်းဒေသကြီးအတွင်းရှိ - ခရိုင်များ၏(ပြင်/ထိန်း)လုပ်ငန်းသုံး ဒီဇယ်ဆီများ ဝယ်ယူခြင်း - မြစ်သားမြို့နယ်၊ တမာပင်ရေတင် လုပ်ငန်းအတွက် လုပ်ငန်းသုံး ဒီဇယ်ဆီများ ဝယ်ယူခြင်း	ဂါလန် ဂါလန်	၂၅၀၀၀ခန့် ၃၈၉၄ခန့်
၂။	Lot-8	(40x16x4) ပွန်တွန်း (၁) စီး တည်ဆောက်ခြင်း	လုပ်ငန်း	၁
၃။	Lot-9	172 KW Solar System ဆောင်ရွက်ခြင်း	လုပ်ငန်း	၁

(က) **တင်ဒါလျှောက်လွှာ ရယူရမည့်ရက်** - (၁၉-၅-၂၀၂၆) မှ (၁-၆-၂၀၂၆) ရက်ထိ
(ခ) **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** - (၂-၆-၂၀၂၆) ရက် (၁၆:၀၀) နာရီ
(ဂ) **တင်ဒါဖွင့်လှစ်မည့် နေ့ရက်/အချိန်** - ဆက်သွယ်အကြောင်းကြားပါမည်။

၃။ သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် မိတ္တူတင်ပြမှသာ လျှောက်လွှာရောင်းချမည် ဖြစ်ပါသည်။
၄။ သတ်မှတ်ရက်/အချိန်ထက် နောက်ကျတင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၅။ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉-၇၉၇၃၃၆၁၉၇ / ၀၉-၉၅၅၆၁၈၈၁၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/ရွှေပေါက်ကံ၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ် (၄၈၀)၊ အလျားပေ ၄၀ x အနံ ပေ (၆၀)ရှိသည့် အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်မျက်နှာမူလျှင် လက်ယာဘက်အခြမ်း၏ အလျား ၁၀ပေ x အနံ ပေ ၆၀ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အဆက်အစပ် စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်သော ဦးမြတ်မင်း (ဘ) ဦးမြဟန် ၁၂/မဂဒ(နိုင်)၁၀၉၀၀၆ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း လူကိုယ်တိုင် ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန္တာမြင့်ဝင်း (LL.B,DBL,DML,DIL)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၃၈)
ဖုန်း-၀၉-၂၅၀၅၂၈၆၁၆

ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 68W/64048, Zhineng-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းဌေး ၅/စကန(နိုင်) ၁၉၅၃၂၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 64W/2063, Kenbo-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်သန်းဌေး ၁၄/ပသန(နိုင်) ၁၇၃၆၇၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/ ၄၆၆၀၂ , Honda Click -125 , m/c ယာဉ်လက်ဝယ်ရှိသူ ဦးထိုက်ကိုကို ၆/မမန (နိုင်)၁၉၆၀၀၄က ယာဉ် မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မြိတ်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၉ယ/ ၉၈၅၃၉, Honda Wave- 100, m/c ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင်ထွန်း ၆/တသရ(နိုင်)၀၂၂၈၆၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မြိတ်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)၊ မန္တလေးတိုင်းဒေသကြီး (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မန္တလေးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)ရုံးတွင် (၂၀၂၆-၂၀၂၇) ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ ပစ္စည်းဝယ်ယူခြင်းနှင့် လုပ်ငန်းအပ်နှံခြင်းအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများမှ မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံကို မန္တလေးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးရုံး (ရေအရင်းအမြစ်)၊ (၇၃) လမ်း၊ ၁၀၁ သိပ္ပံလမ်းနှင့် ၁၀၂ (A) လမ်းကြား၊ မန္တလေးမြို့တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူပေးသွင်းနိုင်ပါသည်။

စဉ်	Lot No.	ပစ္စည်း/လုပ်ငန်းအမည်	ရေတွက်ပုံ	အရေအတွက်
၁။	Lot-1	Solar PV Module (720W) ဝယ်ယူခြင်း	၈၀၄	ချပ်
၂။	Lot-4	PV System Mounting Structure (Alu-Alloy) များ ဝယ်ယူခြင်း	လုပ်ငန်း	၁
၃။	Lot-8	မန္တလေးတိုင်းဒေသကြီးရုံး RC (၂)ထပ် ပြုပြင်ခြင်း	လုပ်ငန်း	၁
၄။	Lot-9	185kW Motor (2)Sets Installation of 666 kW Solar System	လုပ်ငန်း	၁
၅။	Lot-10	185kW Motor (2)Sets Installation of 666kw Solar System	လုပ်ငန်း	၁

(က) **တင်ဒါလျှောက်လွှာ ရယူရမည့်ရက်** - (၁၉-၅-၂၀၂၆)မှ (၁-၆-၂၀၂၆)ရက်အထိ
(ခ) **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** - (၂-၆-၂၀၂၆)ရက် (၁၆:၀၀) နာရီ
(ဂ) **တင်ဒါဖွင့်လှစ်မည့် နေ့ရက်/အချိန်** - ဆက်သွယ်အကြောင်းကြားပါမည်။

၃။ သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် မိတ္တူတင်ပြမှသာ လျှောက်လွှာရောင်းချမည် ဖြစ်ပါသည်။
၄။ သတ်မှတ်ရက်/အချိန်ထက် နောက်ကျတင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။
၅။ အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၉-၇၉၇၃၃၆၁၉၇ / ၀၉-၉၅၅၆၁၈၈၁၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်နှင့် အမည် (RA-III/ ကွက်ပြင်-၃)၊ ဦးပိုင်အမှတ်(၉၃-ဇ)၊ မြေဧရိယာ (၀ဒသမ၃၄)ဧကရှိ မြေအကျိုးခံစားခွင့်များကို ဦးဟိန်းထက်အောင် (၉/မဟမ(နိုင်)၀၃၅၅၄၆)က ဂရန်အမည်ပြောင်း သက်တမ်းတိုးပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

ပြင်ဦးလွင်ခရိုင်/မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ဘားအံမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၂၃)၊ အကွက်အမည် (ရွှေညောင်ပင်အကွက်)၊ ဦးပိုင်အမှတ်(၄/ဃ/၂၂) မြေဧရိယာ (၀ဒသမ ၀၅၀) ဧကရှိ မြေကွက်အား ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဦးဟူစိန်မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများနှင့်အတူ မြို့နယ် မြေစာရင်းဦးစီးဌာနသို့ ကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်မြေစာရင်းဦးစီးဌာန

အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးချမ်းပြည့်ဦး(၁/ကမန(နိုင်)၀၃၉၉၆၈)သည် လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် ကောင်းသောဂုဏ်သတင်းဖြင့် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေထိုင်သူ တစ်ဦးဖြစ်ပါသည်။ ဒေါ်အေးချမ်းပြည့်ဦးအား ဂုဏ်သိက္ခာကျဆင်းစေရန်ရည်ရွယ်၍ မည်သူမဆို ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် မမှန်မကန်ကြေညာခြင်း၊ ဖြန့်ဝေခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း၊အသရေပျက်စေခြင်း စသည်တို့ကို ပြုလုပ်လျှင်သော်လည်းကောင်း၊ ဒေါ်အေးချမ်းပြည့်ဦးအား မည်သည့်နည်းလမ်းနှင့်မဆို နှောင့်ယှက်လျှင်သော်လည်းကောင်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးချမ်းပြည့်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အိဖြူနှင်း
အထက်တန်း ရှေ့နေ(စဉ်-၅၄၅၇၈)
ဖုန်း-၀၉-၄၂၀၀၄၇၅၅၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ ပန်းလှိုင်တာဝါရှိ အခန်းအမှတ်(၆၀၅)ကို ဝယ်ယူထားသူ ဦးသက်ညီမျိုးသန်း ၁၀/မလမ(နိုင်) ၁၃၁၂၇၂မှ ၎င်း၏အမည်ဖြင့် ပိုင်ဆိုင်မှုစာအုပ် (Owner Book) ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆စယ/၇၃၅၃၀, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူသက်ခိုင်မင်း ၇/သဝတ(နိုင်)၁၁၆၁၃၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး (သာယာဝတီ)

မွေးသက္ကရာဇ်အမှန်

(ဘ) ဦးဇော်မိုးအောင်၏သမီးဖြစ်သူ မြိတ်မြို့၊ အထက(၁) Grade- 10 မှ မခြူးရတီဇော်၏ မွေးသက္ကရာဇ်အမှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စု စာရင်းအရ ၁၂-၇-၂၀၁၀ ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆စယ/၅၁၃၃၂ , Honda Wave- 100,m/c ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကမ္ဘာစိုး ၆/မမန(နိုင်)၁၁၅၂၇၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေ ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မြိတ်)

ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၅-၂၀၂၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၉) ပါ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာတွင် ရောင်းချပိုင်ခွင့်ရှိသူ ဦးခင်မောင်ဌေး ၁၄/ဟသတ (နိုင်)၀၀၀၅၀၃ ၏ မြေကွက်အမှတ် (၄၂+၄၃+၄၄+၄၅+၄၆+၄၇)အစား မြေတိုင်းရပ်ကွက်အမှတ် (၄၂+ ၄၃+၄၄+၄၅+၄၆+၄၇)/၂ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၅၉၀၆၉ ယာဉ်လက်ဝယ်ရှိသူ ဦးရွှေဘ ၁၀/မဒန(နိုင်)၀၇၆၈၀၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် MON/4568 ယာဉ်လက်ဝယ်ရှိသူ ဦးဘိုနီ ၁၀/မဒန(နိုင်) ၁၄၉၃၂၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၃၉၂၉၁ ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းမြင့် ၁၀/မဒန(နိုင်) ၁၈၉၆၈၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

အမည်မှန်

(၁၁) ဦးကိုကိုမင်း (၉/မထလ (နိုင်) ၃၃၃၃၉၇၏ သမီး တာချီလိတ်မြို့၊ မကာဟိုခမ်း (အထက) ကျောင်း Grade-5 မှ မဖြတ်ဆုဆူမွန်၏ အမည်မှန်မှာ မဖြတ်စုစုမွန် ဖြစ်ပါကြောင်း။

မဖြတ်စုစုမွန်

မိဘအမည်မှန်

ကချင်ပြည်နယ်၊ ရှင်းဇွေယန်မြို့၊ အထက(ရှင်းဇွေယန်) သတ္တမတန်းမှ မလွမ်းနေဘ၏ မိဘအမည်မှန်မှာ ဦးခေါင်ထောနှင့် ဒေါ်လွမ်းစိုင်း ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ် အထက(၃၉) Grade-6မှ မရတီခင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေ စာရင်းအရ ဦးအောင်ဇော်ထက် ၅/ငနခ(နိုင်) ၀၆၆၄၂၉ ဖြစ်ပါကြောင်း။

ဦးအောင်ဇော်ထက်
၅/ငနခ(နိုင်)၀၆၆၄၂၉

ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၁ နှင့် ၅)

သန်လျင်မြို့နယ်တရားရုံးတော်

၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၂၆

ဒေါ်ငွေး နှင့် ၁။ ဒေါ်ကြည်ဝင်း
၂။ ဒေါ်ကျင်ငွေး
၃။ ဒေါ်စန်းဖြင့်
၄။ ဒေါ်အေးစိုး
၅။ ကိုထွန်းထွန်းနိုင်
၆။ ကိုသိန်းမင်းနိုင်
၇။ ကိုစိုးမင်း
၈။ ဓစန်းစန်း
၉။ မချိမာ
၁၀။ ကိုအောင်ပိုင်
၁၁။ မဖြူနွေးအေး
၁၂။ ကိုစိုးမင်းအောင်

တရားလို တရားပြိုင်များ

ဝေမြို့နယ်၊ နောင်ပတ္တရာကျေးရွာနေ မဓန်းစန်း (၁၁)ဦးတင်စိန် (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မင်း(၁၁)ဦးချစ်အေးက ဝေမြို့နယ်တရားရုံးတော်တွင် တရားမကြီးမှုအမှတ် (၈၃/၂၀၂၅) "အမေပုံပမ္ဘူဦးစီမံခန့်ခွဲပေးစေလိုမှု" လျှောက်ထားခဲ့ဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ မေလ ၂၈ ရက် (၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်) မွန်းမတည့်မီ နံနက်(၁၀း၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှုင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအဖို့ပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်ခီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မေလ ၇ ရက်တွင် ဤရုံးတော်ထံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထွဏ်းလွိုင်ဝင်း)
တွဲဖက်မြို့နယ်တရားသူကြီး
ဝေမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၁ နှင့် ၅)

သန်လျင်မြို့နယ်တရားရုံးတော်

၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၇

၁။ ဦးဇော်ထွန်းနိုင် နှင့် ဦးညီမောင်ချော
၂။ ဦးမောင်စိန်
(တရားလိုများ) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက် (ယခုနေရပ် လိပ်စာမသိ) တရားပြိုင် ဦးညီမောင်ချော သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဇော်ထွန်းနိုင်နှင့် ဦးမောင်စိန်က ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှုအရ လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ယင်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အရိန့်အရေးရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇွန် လ ၁ ရက် (၁၃၈၈ ခုနှစ်၊ နယုန်လဆုတ် ၂ ရက်) (တနင်္လာနေ့)မွန်းမတည့်မီ (၁၀း၀၀) နာရီတွင် အထက်က အမည်ရေးသား ပါရှိသူ တရားလို့စွဲဆိုချက်ကို ထုချေရှုင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။

၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအဖို့ပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်ခီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မေလ ၁၈ ရက်တွင် ဤရုံးတော်ထံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ယဉ်ယဉ်မိုး)
မြို့နယ်တရားသူကြီး
သန်လျင်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City ကြယ်စင်အိမ်ရာအတွင်းရှိ City Loft အိမ်ရာ၊ တိုက်အမှတ် CL (4)၊ အခန်းအမှတ် (၃၁၂) အလွှာ (၃) လွှာ၊ အခန်းအမျိုးအစား (1 Bed Room) ၊ အကျယ်အဝန်းဧရိယာ(၄၈၄) စတုရန်းပေ၊ ရှိသော ကွန်ဒိုတိုက်ခန်းနှင့် တိုက်ခန်းပါ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ တရားဝင်ပိုင်ဆိုင်ထားပြီး အရွယ်အရင်းကင်းရှင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်သက်ချိုချို(အောင်မြင့် (၁၂/အစန(နိုင်) ၂၀၃၇၁၈)ထံမှ ကျွန်တော် ဦးရာဇြည်ဖြိုး (၁၂/ဒဂန(နိုင်)၀၁၁၀၆၄)နှင့် ကျွန်မဒေါ်အိမ်မိုး (၁၂/သဃက(နိုင်) ၀၆၄၃၀၁)တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအားပေးချေဖြီးဖြစ်ပါသည်။အဆိုပါကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ကိစ္စရပ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စဖြီးဆုံးသည်အထိဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အပြီးအပိုင်ဝယ်ယူသူများ
ဦးရာဇြည်ဖြိုး (၁၂/ဒဂန(နိုင်)၀၁၁၀၆၄
ဒေါ်အိမ်မိုး (၁၂/သဃက(နိုင်)၀၆၄၃၀၁
ဖုန်း-၀၉- ၉၇၃၃၃၀၄၂၈၊ ၀၉- ၀၆၄၉၈၇၀၉၀

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဆေးစက်ရုံကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၆၆)၊ အခန်းအမှတ် (၀၀၆၊၀၀၇၊၀၀၈၊၀၀၉)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အားလက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရွယ်အရင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်ပို (၁၂/ဒပန(နိုင်)၀၀၆၂၉၄) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မာ(၁၂/ရဃသ(နိုင်)၁၄၇၅၇၀)က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့် ရှိသူမည်သူမဆို ဤကြော်ငြာပါသည်ရက်မှစ၍ (၇)ရက်အတွင်းခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်ပေသို့မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညှိနှိုင်းသူ
ဒေါ်စုစုမြိုင် (LL.B) ဒေါ်ခင်စောသိန်း(LL.B) ဒေါ်သိမ့်သူလိ (LLB, LL.M)
(စဉ်-၁၁၅၅၃) (စဉ်-၁၃၂၈၆) (စဉ်-၅၆၈၈၇)
တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ
တိုက် (၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉ -၄၄၃၀၂၆၁၉၉၊ ၀၉- ၇၃၀၂၆၁၉၉

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္ထူလျောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၃၄၆၆၊ Honda Click 110 ယာဉ်လက်ဝယ်ရှိသူ ဦးသတိုးဦး၊ ၈/ရနန(နိုင်း) ၁၀၄၃၂၆၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္ထူထုတ်ပေးရန် လျောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္ထူလျောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၄၂၆၆၊ TVS DAZZ CW-110, M/C ယာဉ်လက်ဝယ်ရှိသူ မသဲစွမ်း ၇/အဖန(နိုင်း) ၁၀၂၉၆၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္ထူထုတ်ပေးရန် လျောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(သာယာဝတီ)

ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်

၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၃

ဦးစိုးသိန်းအောင် နှင့် ဦးစံတင်
(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅) ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ် (၅၄၄) ရပ်ခေ (ယခုနေရပ်လိပ်စာမသိသူ) တရားပြိုင် ဦးစံတင် သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း အိမ်ခြံမြေ အရောင်းအဝယ် စာချုပ်အား တရားဝင် မှတ်ပုံတင်ပေးစေလိုမှု" ရလိုကြောင်းနှင့် လျောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ (၂၂) ရက်၊ (၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၇ ရက်)၊ မွန်းမတည့်မီ (၁၀း၀၀) နာရီတွင် အထက်အမည်ပါရှိသူ တရားလို့၏ အဆိုလွှာကို ထုချေရှုင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအဖို့ပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်ခီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မေလ (၈) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဂျူးဂျူးစန်ကျော်)
တွဲဖက်မြို့နယ်တရားသူကြီး (၂)
တောင်ဥက္ကလာပမြို့နယ်တရားရုံး

ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္ထူလျောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၇၄၀၄ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းအေးချမ်းအောင် ၁၀/ဓဆန (နိုင်)၀၇၈၆၁၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္ထူထုတ်ပေးပါရန် လျောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ မြည်နယ်ဦးစီးမှူးရုံး၊
မော်လမြိုင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္ထူလျောက်ထားခြင်း

ယာဉ်အမှတ် ၆၀ယ/၄၆၃၀၃ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးတင် ၁၀/ဓခန (နိုင်) ၁၁၄၇၈၉၈က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္ထူထုတ်ပေးပါရန် လျောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ မြည်နယ်ဦးစီးမှူးရုံး၊
မော်လမြိုင်မြို့

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ဘားအံမြို့၊ အမှတ် (၅) ရပ်ကွက်၊ အကွက်အမှတ်(၂၃)၊ အကွက်အမည် (ရွှေညောင်ပင်အကွက်)၊ ဦးပိုင်အမှတ် (၄/ဃ//၂၂) မြေဧရိယာ (၀ ဒသမ ၀၅၀) ဧကရှိမြေကွက်အား ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဦးဟူးနိန်မှ လျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများနှင့်အတူ မြို့နယ်မြေစာရင်းဦးစီးဌာနသို့ ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်မြေစာရင်းဦးစီးဌာန

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဝဲနားတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ပေါင်းတည်မြို့နယ်၊ မင်းကွင်း(၂) ရပ်ကွက်၊ ၁၇ လမ်းမှ ဦးစိုးလင်း-ဒေါ်ဆွေဆွေမြင့်တို့၏ သား မောင်မင်းခန့်စိုး ၇/ပတတ(နိုင်)၁၃၄၂၅၅ သည် မိဘများ၏ ပြောဆိုဆုံးမမှုကို လက်ခံသောကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့် ပတ်သက်သော မည်သည့်ကိစ္စကိုမဆို လုံး၀(လုံး၀) တာ၀န်ယူဖြေရှင်းပေးမည် မဟုတ် ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မိဘများ
ဦးစိုးလင်း (၇/ပတတ(နိုင်)၀၆၂၀၇၇)-
ဒေါ်ဆွေဆွေမြင့် (၇/ပတတ(နိုင်)၁၆၉၀၅၈)

စာအုပ် စာပေ လူ့မိတ်ဆွေ

ယာဉ်မှတ်ပုံတင်(ကမ-၃)စာအုပ် ပျောက်မိတ္ထူလျောက်ထားခြင်း

ယာဉ်အမှတ် 66W/82711 ယာဉ်လက်ဝယ်ရှိသူ ဦးလွင်ကိုကို ၇/ ဖမန (နိုင်) ၁၉၆၃၇၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္ထူထုတ်ပေးပါရန် လျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(တောင်ငူ)

ယာဉ်မှတ်ပုံတင်(ကမ-၃)စာအုပ် ပျောက်မိတ္ထူလျောက်ထားခြင်း

ယာဉ်အမှတ်64W/ 77670 ယာဉ်လက်ဝယ်ရှိသူ ခေါ်ဝေါဆွေး ၇/အတန (နိုင်)၀၈၆၁၉၄ က ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်ဆုံး၍ မိတ္ထူထုတ်ပေးပါရန် လျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(တောင်ငူ)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 84W/83583 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(တောင်ငူ)

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ(၇)၊ အမှတ်(၁၈၀)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လွဲလွဲထွန်းဘ၃/တကန(နိုင်) ၃၆၇၀၈၁ ညွှန့်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးခွန်နေဝင်းထွန်း ၁၃/တကန(နိုင်)၃၇၂၉၃၇ နှင့် ဒေါ်လွဲလွဲထွန်း ၁၃/တကန(နိုင်)၃၆၇၀၈၁ တို့သည် (၈-၂-၂၀၂၁)ရက်မှစ၍ အကြင်နေ့လင်မယားအဖြစ်ပေါင်းသင်း နေထိုင်လာခဲ့ကြပြီးနောက် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် (၁၃-၅-၂၀၂၆) ရက်တွင် အသိသက်သေလူကြီးမင်းရှေ့မှောက် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် ဦးခွန်နေဝင်းထွန်းနှင့် ပတ်သက်သော ကိစ္စအဝဝတို့သည် ကျွန်ုပ်၏မိတ်ဆွေနှင့် လုံးဝသက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညှိနှိုင်းချက်အရ-
ဒေါ်မြတ်မြတ်စန်း(LL.B)
တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၉၆၀၀(၇-၇-၂၀၂၅)
၂/၄၂၅၊ ကျောက်တလုံးလမ်း၊ ကံကြီးရပ်ကွက်၊တောင်ကြီးမြို့

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆) ၊ ကွင်း / အကွက်အမှတ် (RA - IV / ကွက်ပြင် - ၄) ၊ ဦးပိုင်အမှတ် (၈ - က ဝ) ၊ မြေဧရိယာ (၀ဒသမ၀၅၅) ဧကရှိ မြေကွက်အား မြေငှားရန် (ဦးပိုင်ခွဲ ၊ အမည်ပြောင်း) လျောက်ထားနိုင်ရေး ဒေါ်မာရီမြိတ်နိုးသူ (၈/ခမန(နိုင်)၁၁၄၉၇၂) မှ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၊ ပြင်ဦးလွင်မြို့

ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဟိုတယ်၊ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် ရုံးအဆောက်အအုံအသစ် ဆောက်လုပ်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ပြည်တွင်းလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

(က) **ပုသိမ်ရုံးသစ်ဆောက်လုပ်ခြင်း** (အလျား ၅၀'x အနံ ၄၀'x အမြင့် ၃၆')၊ (အတွင်း ရေ၊ မီး၊ မိလ္လာ Apron & Drain အပါအဝင်)RC (၂)ထပ်ခွဲ၊ ကွန်ကရစ်လမ်းခင်းခြင်း (အလျား ၁၁၀'x အနံ ၁၂'xထု ၆'')၊ ကျောက်စီ မြေထိန်းနံရံ (အလျား ၇၇' x အမြင့် ၇')၊အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း (၃)ဘက် (အလျား ၂၃၀'xအမြင့်၆')

၂။ တင်ဒါလျှောက်လွှာများကို ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၃)၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ အုပ်ချုပ်ရေးနှင့်ဘဏ္ဍာရေးဌာနခွဲတွင် (၂၀-၅-၂၀၂၆) ရက်မှစ၍ ဝယ်ယူနိုင်ပြီး (၄-၆-၂၀၂၆) ရက် မွန်းတည့် (၁၂:၀၀)နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။ တင်ဒါဖွင့်ဖောက်သည့်ရက်(၄-၆-၂၀၂၆)ရက်၊ မွန်းလွဲ (၁:၀၀) နာရီဖြစ်ပြီး၊ တင်ဒါဖွင့်မည့်နေရာ ရုံးအမှတ်(၃၃)၊ ဟိုတယ်၊ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ကျောက်စိမ်းခန်းမတွင် ဖြစ်ပါသည်။

၃။ သတ်မှတ်တင်ဒါလျှောက်လွှာပုံစံကိုသာအသုံးပြု၍ လျှောက်ထားရန်ဖြစ်ပြီး အခြားလျှောက်လွှာပုံစံများကိုအသုံးပြုခြင်း၊ သတ်မှတ်တင်ဒါပုံစံကို ပြည့်စုံစွာ ဖြည့်စွက်ထားခြင်းမရှိသော တင်ဒါပုံစံများကို ရွေးချယ်မှုပြုလုပ်မည်မဟုတ်ပါ။

၄။ တင်ဒါပုံစံဝယ်ယူခြင်းအပါအဝင် တင်ဒါခေါ်ယူသည့် လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ၏ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
နေပြည်တော်၊ ဖုန်း - ၀၆၇-၃၄၀၆၂၅၀၊ ၀၆၇-၃၄၀၆၄၅၂

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဝယ်ယူမည့် Garbage Truck (2-Ton) ၄ စီး၊ Garbage Truck (2-Ton) ၂စီး၊ Garbage Truck (4-Ton) ၄ စီး၊ Dump Truck (4 -Ton) ၁၁ စီး၊ Aerial Platform Truck (14 m) ၃ စီး၊ Aerial Platform Truck (23 m) ၁ စီး၊ Tree Transplanting Integrated Machine ၁စီး၊ Tree Transport Truck ၁ စီး၊ Road Sweeper (4-Ton) ၂ စီးနှင့် Water Bowser (2200-Gal) ၄ စီး စုစုပေါင်းယာဉ်/ယန္တရား ၃၃ စီး တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ပစ္စည်းလက်ဝယ်ရှိသူများ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	**တင်ဒါပုံစံစတင် ရောင်းချမည့်ရက်**	- ၁၉ - ၅ - ၂၀၂၆ ရက်၊ (၀၉:၃၀)နာရီ
(ခ)	**တင်ဒါပုံစံပိတ်မည့်ရက်**	- ၂-၆-၂၀၂၆ ရက်၊ (၁၆:၀၀)နာရီ
(ဂ)	**တင်ဒါပုံစံဝယ်ယူ/တင်သွင်း ရမည့်နေရာ**	- စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

၂။ တင်ဒါလျှောက်လွှာနှင့် တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးချိန်အတွင်း စက်ရုံနှင့်မော်တော်ယာဉ်ဌာန ဖုန်းနံပါတ် ၀၆၇ - ၃၄၃၂၀၈၃ ၊ ၀၆၇ - ၃၄၃၂၀၈၁ သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

တင်ဒါကော်မတီ
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

တစ်ဦးတည်းဖြစ်ပါကြောင်း

မြစ်ကြီးနားမြို့နေ ဒေါ်ကမ္ဘာမူယေလ ၁/မကန(နိုင်)၁၆၂၄၄၅၏ ဖခင် ဦးဇီဆန်းနှင့် ဦးမီဆန်း (ခ) ဇီဆန်း သည် အမည်(၂)မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ပါကြောင်း၊ မိခင် ဒေါ်အက်(စ်)မာကိုင်နှင့် ဒေါ်အက်မာကိုင်သည် အမည်(၂)မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကျွန်ုပ်တို့၏ Myanmar Hongyuan In't Garment Co.,Ltd (Company Registration Number-115306715) မှ Rex System Card ပြားပျောက်ဆုံးနေပါသဖြင့် အထက်ဖော်ပြပါ ကုမ္ပဏီအမည်ပါ REX No(MMREX00835) ကို တွေ့ရှိပါအကြောင်းကြားပေးပါရန်။

ဆက်သွယ်ရန် ဒေါ်နုနုဝင်း(09-443800011)

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့၊ ရွှေပြည်စိုးစံ ကိုယ်ပိုင်အထက်တန်းကျောင်းနေ မနန်းသီရိစုညီ (G-11) နှင့် အထက (၁) နေ မနန်းကြာဖြူ (G-7)တို့၏ ဖခင်အမည်မှန်မှာ ဦးစိုင်းနော်မိုင်း ၅/ခတန(နိုင်)၀၁၄၂၂၁ ဖြစ်ပါကြောင်း။

ဦးစိုင်းနော်မိုင်း

မိဘအမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ အထက (နမ့်တော) ကျောင်းမှ မသက်ဦးမွန် (G-11) ၏ မိဘအမည်မှန်မှာ ဦးခင်မောင်တင့် ၅/ယမပ(နိုင်)၀၆၄၁၈၁နှင့် ဒေါ်စန်းမွန် ၅/ဟမလ(နိုင်)၁၄၄၅၁၆ ဖြစ်ပါကြောင်း။

ဦးခင်မောင်တင့်-ဒေါ်စန်းမွန်

ပျောက်ဆုံးကြောင်း

ဦးမောင်ခင် (ဘ) ဦးလှသိန်းအောင် ၁၁/ပတန(နိုင်)၀၄၀၁၉၈ ၏ Passport Number (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၇၅၀၂၇၀၂

ပျောက်ဆုံးကြောင်း

ဒေါ်ဦးသောင်းမြ (ဘ) ဦးကျော်ဇံရှိ ၁၁/ပတန(နိုင်)၀၄၀၄၉၁ ၏ Passport Number(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၅၈၁၄၅၀၄

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
(မော်လမြိုင်ဌာနခွဲ)

၁။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ (မော်လမြိုင်ဌာနခွဲ)၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် မွန်ပြည်နယ် ရုံးခွဲတည်ဆောက်ခြင်းRC နှစ်ထပ် (၄၀၆၀၈/ပေ)(အတွင်းရေ၊ မီး၊ မိလ္လာ၊ Drainage အပါအဝင်ဆက်စပ်လုပ်ငန်းများ) ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသား/တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။	**အိတ်ဖွင့်တင်ဒါ ရောင်းချမည့်ရက်**	- ၁၉-၅-၂၀၂၆ ရက်
	နောက်ဆုံးလျှောက်လွှာ တင်သွင်းရမည့်ရက်	- ၁-၆-၂၀၂၆ ရက်
	တင်ဒါဖွင့်မည့်ရက်	- ၃-၆-၂၀၂၆ ရက်
	တင်ဒါဖွင့်မည့်နေရာ	- မွန်ပြည်နယ်ယဉ်ကျေးမှုပြတိုက် အစည်းအဝေးခန်းမ
	တင်ဒါဖွင့်မည့်အချိန်	- (၁၀:၃၀)နာရီ၊ (ကြာသပတေးနေ့)

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရှေးဟောင်းသုသေနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ (မော်လမြိုင်ဌာနခွဲ)
ဖုန်း- ၀၉၂၆၀၀၈၂၆၀၂၊ ၀၉-၄၂၅၃၅၁၂၁၂

တင်ဒါကော်မတီ
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
(မော်လမြိုင်ဌာနခွဲ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ရှမ်းပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၊ ရှမ်းပြည်နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ် (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့်ရှမ်းပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က)	**တင်ဒါစတင်ရောင်းချမည့်ရက်**	- (၁၉-၅-၂၀၂၆)ရက်၊ (အင်္ဂါနေ့)
(ခ)	**တင်ဒါရောင်းချမှုပိတ်သိမ်းရက်**	- (၂၆-၅-၂၀၂၆)ရက်၊ (အင်္ဂါနေ့)
(ဂ)	**တင်ဒါ(နောက်ဆုံး) တင်သွင်းရမည့်ရက်**	- (၂၇-၅-၂၀၂၆)ရက် (ဗုဒ္ဓဟူးနေ့) ညနေ(၁၆:၃၀)နာရီ
(ဃ)	**တင်ဒါဖွင့်လှစ်မည့်ရက်**	- ထပ်မံကြေညာသွားပါမည်
(င)	**တင်ဒါလျှောက်လွှာဝယ်ယူရမည့် နေရာ**	- ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ရှမ်းပြည်နယ်(တောင်ပိုင်း/ မြောက်ပိုင်း /အရှေ့ပိုင်း)၊
(စ)	**တင်ဒါတင်သွင်းရမည့်နေရာ**	- ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့

